Forum for Democracy in Burma

# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု

eBulletin

၂၆ ဩဂုတ်လ ၂၀၀၆ သတင်းလွှာ အမှတ် ၂၁/၂၀၀၆



"တကယ်တော့ ရှစ်လေးလုံးအရေးတော်ပုံဟာ လူထုတရပ်လုံး ညီညွတ်မယ်ဆိုရင် ဘယ်လို အာဏာရှင်မျိုးကိုမဆို ဖြုတ်ချနိုင်တယ်ဆိုတဲ့ သက်သေကိုပြခဲ့တယ်။ နောက်တချက်က ကျနော်တို့ တိုင်းပြည်မှာ ကျနော်တို့ပြည်သူတွေဟာ ဖိနှိပ်မှုအောက်မှာ နှစ်ရှည်လများခံခဲ့ရတဲ့အခါမှာ ပေါက်ကွဲမှုတွေဖြစ်တတ်တယ်။ ပြည်သူတရပ်လုံး တင်းမယ်ဆိုရင် ဘယ်မင်းမှ မခံနိုင်ဘူးဆိုတာကို သက်သေပြနိုင်တယ်။"

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကိုမင်းကိုနိုင်၏ ရှစ်လေးလုံး အထိမ်းအမှတ်စကားမှ --

ဒီမိုကရေစီအင်အားစုအားလုံးပါဝင်တဲ့၊ လူမျိုးပေါင်းစုံပါဝင်တဲ့ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီးတရပ် တည်ဆောက်ဖို့လိုပါတယ်။

"အမှာစကား"

(စာမျက်နှာ ၂)

လူထုနဲ့အနီးကပ်မနေရင်တော့ လူထုကို ခြင်ကိုက်တာမပြောနဲ့ ဆင်ကိုက်သွားတာတောင် သိလိမ့်မှာမဟုတ်ဘူး။ လူထုရဲ့ လက်ရှိဒုက္ခကို မမြင်ပဲနဲ့ ခြင်ကိုက်၊ ငှက်ဖျားဖြစ်တာကို အစိုးရကို အပြစ်မတင်ကြနဲ့ လို့ ပြောနေပေမယ့် တကယ့်လူထုဘဝက စစ်အာဏာရှင်စနစ်ဆိုတဲ့ ဆင်ရိုင်းကြီးနင်းလို့ ပြားနေပါပြီ။

"ချဉ်ပေါင်ကြော်သူရဲ့ သောက"

(စာမျက်နှာ ၅)

နိုင်ငံရေးအနှစ်သာရရှိတဲ့ အားလုံးကို လွှမ်းခြုံနိုင်တဲ့ ဘုံလုပ်ငန်းစဉ်တရပ်အောက်မှာ စုစည်းနိုင်တဲ့ ကြီးမားကျယ်ပြန့်တဲ့ တပ်ပေါင်းစုတရပ်နှင့်သာ အရာရာကို ကျော်လွှားနိုင်လိမ့်မယ်လို့ --

"FDB ဒုတိယအတွင်းရေးမှူးချုပ် ကိုဌေးလင်းနှင့် ဥရင်ပြင် တွေ့ဆုံမေးမြန်းခြင်း"

(စာမျက်နှာ ၇)

ခေတ်သစ်ကိုလိုနီဝါဒဆိုတာကိုလည်း အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရာတို့ရဲ့ အမြော်အမြင်နဲ့ မတိုက်နိုင်ဘူး။

"ကိုကိုအောင် မစိုးရိမ်နဲ့"

(စာမျက်နှာ ၁၁)

မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ဖြစ်ပြီဆိုရင် အာဆီယံရော၊ တရုတ်ရော၊ အိန္ဒိယအတွက်ပါ အကျိုးဖြစ်ထွန်းစေမှာပါ။

"အာဆီယံက မြန်မာကို ဆက်အကာအကွယ်ပေးဖို့ မဖြစ်နိုင်"

(စာမျက်နှာ ၁၀)

တိုင်းပြည်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်အာဏာရှင်စနစ် ဖျက်သိမ်းပြီး စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် --

"အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)နှင့် မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု တွေ့ဆုံ"

(စာမျက်နှာ ၉)

# အမှာစကား

နအဖစစ်အုပ်စုဟာ သူ့ရဲ့အာဏာဆက်လက်တည်မြဲရေးအတွက် ဘယ်သူ့ကိုမှ မယုံကြည်သလို၊ အားလုံးကိုရန်သူလို သဘောထားပြီး ဖိနှိပ်ချုပ်ခြယ်မှု ချေမှုန်းမှုတွေကို ကျေးလက်မှာ မြို့ပြမှာ မြေပြန့်မှာ တောင်ပေါ်မှာ၊ နယ်စပ်မှာ စသည်ဖြင့် နေရာတိုင်းမှာ ပြုလုပ်လာနေပါတယ်။ အဖြူအစိမ်းဝတ်ကျောင်းသား လေးတွေကအစ ဖိအားပေးခြိမ်းခြောက်ပြီး သူ့ရဲ့လက်ကိုင်တုတ်လုပ်ဖို့ ကြံ့ဖွံ့ကို အတင်းဝင်ခိုင်းလိုဝင်ခိုင်း၊ ရဟန်းသံဃာတော်များနဲ့ဘုန်းကြီးကျောင်းတွေကို အနီးကပ်စောင့်ကြည့်ခိုင်းလိုခိုင်းနဲ့ အတော်ကို ရုပ်ပျက်ဆင်းပျက် ဖြစ်နေပါတယ်။ သူ့စစ်အုပ်စုတွင်းမှာလည်း ဖြုတ်၊ ထုတ်၊ ရှင်းပွဲတွေကို အစုလိုက်အပြုံလိုက်လည်း လုပ်နေရပါတယ်။ နေ့စဉ်နဲ့အမျှလည်း သူ့ရဲ့ ဝါဒဖြန့်ချိရေးစာနယ်ဇင်းတွေက အဲန်အယ်လ်ဒီပါတီကို၊ ပြည်တွင်း ပြည်ပဒီမိုကရေစီအင်အားစုတွေကို ပြည်ပ ဆရာကြီးများ၏ ကြိုးကိုင်မှုအောက်တွင် ဆရာတူတပည့်များအဖြစ် တကျိတ်တည်း၊ တဉာဏ်တည်းပူးပေါင်းကာ ပြည်တွင်းမတည်ငြိမ်မှုများနှင့် ဖေါက်ခွဲဖျက်ဆီးမှု များ ဆက်လက်တိုးမြှင့်လုပ်ဆောင်လာနေကြောင်း ဖေါ်ပြပါတယ်။

ဒီလုပ်ရပ်တွေဟာ ပြည်သူလူထုအား နိုင်ငံတကာကို စည်းရုံးသိမ်းသွင်းနေတာမဟုတ်ပဲ သူ့ရဲ့စစ်အုပ်စုတွင်းရှိ အာဏာအမွေဆိုးကို လက်ဆင့်ကမ်းမည့် ဗိုလ်ချုပ်ကြီး၊ ဗိုလ်ချုပ်လေးတွေနဲ့ သူ့တပ်ကို သူပြန်ပြီး စည်းရုံးနေတာပဲ ဖြစ်ပါတယ်။ လူမျိုးပေါင်းစုံပြည်သူလူထုတွေဟာ နေ့စဉ်ဘဝ စားဝတ်နေရေးအကျပ် အတည်းတွေကို လက်တွေ့အဆိုးဆုံးခံစားနေရသလို ကျမ်းမာရေး၊ လူမှုရေး၊ ပညာရေး စတဲ့ လူသားတယောက်အတွက် မရှိမဖြစ်လိုအပ်တဲ့ လူ့တန်ဖိုး၊ လူ့ဂုဏ် သိက္ခာတွေဟာ နေ့စဉ်နဲ့အမျှ ဆုံးရှုံးနေပါတယ်။ ဖိနှိပ်ခြိမ်းခြောက်မှု၊ ချုပ်ခြယ်ကန့်သက်မှုတွေကိုလည်း နေ့စဉ်နဲ့အမျှ ခံစားနေရတဲ့အတွက် သူတို့ရဲ့ သတင်း ဌာနတွေက ဘာပြောပြော မယုံကြပါဘူး။ နိုင်ငံတကာဆိုတာလည်း ဒီနေ့ IT (Information Technology)ခေတ် ကမ္ဘာကြီးမှာ သတင်းကွန်ယက်တွေဟာ စက္ကန့်နဲ့အမျှ စီးဆင်းလည်ပတ်နေလို့ ဘယ်နိုင်ငံက ဘယ်နေရာမှာ ဘာဖြစ်တယ်ဆိုတာထိ အတိအကျသိနိုင်နေပြီမို့ နအဖရဲ့ သတင်းဌာနတွေလောက်တော့ ရယ်တာပေါ့ ဖြစ်နေပါပြီ။

ဒီလိုအခြေအနေမှာ ကျနော်တို့ ဒီမိုကရေစီအင်အားစုတွေထဲက အချို့အချို့သော ပုဂ္ဂိုလ်များ၊ အင်အားစုများဟာ တိုင်းပြည်ကို၊ ပြည်သူလူထုကို အဆိုးဆုံး အခြေအနေဖြစ်အောင် တွန်းပို့နေတဲ့ ကမ္ဘာပေါ်မှာမရှိတော့တဲ့ စစ်အာဏာရှင်စနစ်ပုံစံ ဆက်လက်အသက်သွင်းနေတဲ့ စစ်အုပ်စုကို အမြင်ရှင်းရှင်း၊ အတွေးရှင်းရှင်းနဲ့ လူမျိုးပေါင်းစုံပြည်သူတစ်ရပ်လုံးရဲ့ ဘုံရန်သူအဖြစ် မသတ်မှတ်နိုင်ပေမဲ့ စစ်အုပ်စုကတော့ ပြည်တွင်း ပြည်ပ ဒီမိုကရေစီအင်အားစုအားလုံးကို ...

"ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ"

"ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ"

ဒီလိုကြွေးကြော်နေပါတယ်။

မဆလလက်ထက်ကနေ အခုနအဖအထိ ရာစုတဝက်ကျော် အာဏာကိုဆုပ်ကိုင်လာတဲ့ စစ်အုပ်စုရဲ့သမိုင်းအမွေဆိုးကို ဖြိုဖျက်ပြီး နောင်လာနောင်သား မျိုးဆက်သစ်များအတွက် ကောင်းမွေပေးနိုင်ဖို့ဆိုရင် သမိုင်းကိုဖန်တီးတဲ့ ပြည်သူတွေက အသက်သွေးချွေးတွေ စွန့်ပြီးပေးအပ်ခဲ့တဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ကမ္ဘာသိကျင်းပခဲ့တဲ့ ၉၀ ခုနှစ်ရွေးကောက်ပွဲရလဒ်ကို ထိမ်းသိမ်းကာကွယ်ကြရမှာဖြစ်သလို အမျိုးသားကျေပြန်းမှုအနည်းဆုံးနည်းဖြစ်တဲ့၊ အငြိမ်းချမ်းဆုံးနည်းဖြစ်တဲ့ တွေ့ဆုံဆွေးနွေး အဖြေရှာရေးနည်းကိုလည်း တောင်းဆိုကြ၊ တိုက်ပွဲဝင်ကြရမှာ ဖြစ်ပါတယ်။ ဒီတာဝန်ဟာ ဒီမိုကရေစီအင်အားစုတိုင်း၊ ပြည်သူပြည်သားတိုင်း၊ တပ်မတော်သားတိုင်း မှာရှိတဲ့ သမိုင်းပေးတာဝန် ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဟာ ပြည်တွင်းမှာ၊ လူထုအတွင်းမှာပဲ ရှိပါတယ်။

ဒါကြောင့် ဟိုမျှော်ဒီမျှော် အတွေးအခေါ်တွေကို ခဝါချပြီး အဆိုးဝါးအဖေါက်ပြန်ဆုံးဖြစ်တဲ့ နအဖစစ်အုပ်ရဲ့ စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းပစ်ဖို့၊ စစ်အာဏာရှင်စနစ် ဆက်လက်ရှင်သန်စေမဲ့ လမ်းပြမြေပုံ(၇)ချက်ကို တိုက်ဖျက်ဖို့အတွက် ဒီမိုကရေစီအင်အားစုအားလုံးပါဝင်တဲ့၊ လူမျိုးပေါင်းစုံပါဝင်တဲ့ အမျိုးသား ညီညွတ်ရေးတပ်ပေါင်းစုကြီးတရပ် တည်ဆောက်ဖို့လိုပါတယ်။ ပြည်တွင်းက ပြည်တွင်းအလျှောက်၊ နယ်စပ်က နယ်စပ်အလျှောက်၊ နိုင်ငံတကာက နိုင်ငံတကာ အလျှောက် ဒီမိုကရေစီအင်အားစုအားလုံး ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်ကြမယ်ဆိုရင် တိုင်းပြည်နဲ့ ပြည်သူလူထုတွေရဲ့ ကံကြမ္မာဟာ တစက္ကန့်စောရင် တောင် တစက္ကန့်ဆိုသလို အကျိုးများမှာဖြစ်ပြီး အနာဂတ်လည်း လှပလာမှာ ဖြစ်ပါတယ်။

■ ■ ■ ■

**မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ မဟာဗျူဟာလုပ်ငန်းစဉ် ရည်မှန်းချက်(၄)ရပ်-**

(၁) မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအား ကျစ်လစ်ခိုင်မာပြီး စွမ်းဆောင်ရည်မြင့်သော နိုင်ငံရေး အင်အားစုတစ်ရပ်အဖြစ် စုစည်းတည်ဆောက်သွားရန်၊

(၂) ဒီမိုကရေစီတိုက်ပွဲဝင်အင်အားစုများအတွင်း မဟာဗျူဟာညှိနှိုင်း ဆက်စပ်လုပ်ဆောင်မှုများ ဆောင်ရွက်သွားရန်၊

(၃) လူထုတိုက်ပွဲများ ပေါ်ပေါက်လာရေးအတွက် ဦးတည်ကြိုးပမ်းသွားရန်၊

(၄) ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဝန်းအဝိုင်းမှ ဟန်ချက်ညီစုပေါင်းအားထုတ်မှုများဖြင့် မြန်မာပြည်အရေး၌ ထိထိရောက်ရောက် ပါဝင်ဖြေရှင်းလာစေရေးအတွက် ကြိုးပမ်းသွားရန်၊

# ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံနေ့ အခမ်းအနားကျင်းပ


အောဘီအက်ဒီအက်ဖ်ရုံး၌

၂၀၀၆ ခုနှစ် ဩဂုတ်လ (၈)ရက်နေ့တွင် (၁၈)နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံနေ့ အခမ်းအနားကို ထိုင်း–မြန်မာနယ်စပ်တနေရာရှိ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးရုံး၌ ကျင်းပခဲ့ပါသည်။ ထိုအခမ်းအနားကို မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုမှ ဦးဆောင်ကျင်းပပြီး NLD-LA/ MPU/ SYCB၊ နယ်စပ်ရှိ ဒီမိုကရေစီအင်အားစုများ၊ အလုပ်သမားအဖွဲ့အစည်းများတို့နှင့် အခမ်းအနားဖြစ်မြောက်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပါသည်။ လူအင်အား (၂၀၀) ကျော် တက်ရောက်ခဲ့ကြပါသည်။

ထိုအခမ်းအနားတွင် သဘာပတိအဖွဲ့ဝင်များအဖြစ် NCUB/ DAB/NDF/ MPU တို့မှခေါင်းဆောင်များတက်ရောက်ပြီး၊ အဖွင့်အမှာစကားကို NCUB ဒု–ဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်မှ ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု(FDB)၏ ရှစ်လေးလုံးအထူးထုတ် Forum ဂျာနယ်ကို ဖြန့်ဝေခြင်း၊ အဖွဲ့စည်းအသီးသီးမှ ကြေညာချက်များကို ဖြန့်ဝေခြင်းနှင့် ပြည်တွင်းရှိ ၈၈ မျိုးဆက်ကျောင်းသားများ၏ သဝဏ်လွှာကိုလည်း ဖတ်ကြားခဲ့ပါသည်။

“ရှစ်လေးလုံး ဒီမိုကရေစီ လူထုအရေးတော်ပုံစိတ်ဓာတ် (ဝါ) ရှစ်လေးလုံး စိတ်ဓာတ်ကို ကိုင်စွဲကာ နအဖစစ်အုပ်စုကို ဖြိုချဖျက်သိမ်းပစ်နိုင်ရန်အတွက် လူထုကြီးကိုယ်တိုင် ဒုတိယမြောက် လူထုအရေးတော်ပုံကြီးတရပ်ကို ပြင်ဆင်မှုရှိရှိ ဆင်နွဲသွားကြရမည်”

ဆိုသည့် FDB/ NLD-LA/ MPU/ SYCB တို့၏ ပူးတွဲထုတ်ပြန်ကြေညာချက်ကို ဖတ်ကြားပြီး ရှစ်လေးလုံးအထိမ်းအမှတ် မှတ်တမ်းနံရံကပ်စာစောင်များ၊ ကာတွန်းများ ခင်းကျင်းပြသခဲ့သလို၊ မှတ်တမ်းရုပ်ပုံများကိုလည်း Projector ဖြင့် ပြသခဲ့ပါသည်။

---

# ကျောင်းသားလှုပ်ရှားမှုအရေးတော်ပုံ လေးစောင်တွဲစာအုပ် မိတ်ဆက်



မြန်မာနိုင်ငံရဲ့ နိုင်ငံရေးသမိုင်းတွင် ၁၉၂၀ ကိုလိုနီခေတ်မှ ယနေ့တိုင် ကျောင်းသားလှုပ်ရှားမှုများသည် သမိုင်းအစဉ်အလာကြီးမြတ်ခဲ့သလို၊ တိုင်းပြည်နှင့် ပြည်သူလူထု အကျိုးစီးပွါးအတွက် ကိုယ်ကျိုးစွန့်ပြီး ရဲဝံ့စွာတိုက်ပွဲဝင်ခဲ့သည်များကို ဖေါ်ပြထားသည့်၊ ကျောင်းသားလှုပ်ရှားမှုအရေးတော်ပုံ လေးစောင်တွဲစာအုပ်ကို ၂၀၀၆ ခုနှစ် ဩဂုတ်လ(၁၁)ရက်နေ့တွင် ထိုင်း–မြန်မာနယ်စပ်ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးရုံးတွင် မိတ်ဆက်ဖြန့်ချိသည့် အခမ်းအနား ကျင်းပခဲ့ပါသည်။ (၇၄) ဦးသန့် အရေးအခင်းနှင့် မှိုင်းရာပြည့် ကျောင်းသားလှုပ်ရှားမှုအကြောင်းကို အလေးပေးဖေါ်ပြထားပြီး ရှုဝံစာပေမှ ထုတ်ဝေတာ ဖြစ်ပါတယ်။

ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်အဆောက်အဦး၊ သစ်ပုတ်ပင်နဲ့ ဂျပ်ဆင်ဟောင်းဓာတ်ပုံများကို စာအုပ်အဖုံးတွင် ဖော်ပြပြီး (၇၄, ၇၅,၇၆) ကျောင်းသားလှုပ်ရှားမှု သမိုင်းအမှန်များကို ကိုယ်တိုင်ပါဝင်ခဲ့သည့် ကျောင်းသားဟောင်း (၁၈) ဦးမှ ရေးသားထားတာ ဖြစ်ပါတယ်။

“ နောက်မျိုးဆက်တွေအနေနဲ့ သမိုင်းအမှန်ကိုသိအောင် ဆရာကြီး ဒေါက်တာသန်းထွန်းပြောသလို မ အ အောင်၊ မဆလ၊ နဝတ၊ နအဖစစ်အုပ်စုရဲ့ သမိုင်းအမှန်တွေကိုဖုံးကွယ်ပြီး၊ ပျောက်ပျက်အောင်လုပ်နေတာတွေကို သိရအောင် ထုတ်ဝေတာဖြစ်သလို၊ နောက် မျိုးဆက်ကျောင်းသားများအနေနဲ့ သမိုင်းထဲမှ သင်ခန်းစာများကို ထုတ်ယူနိုင်ပြီး၊ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးများရရှိအောင် ဆက်လက်တိုက်ပွဲဝင်ဖို့အတွက်လည်း ဖြစ်ပါတယ်လို့” ထိုအခမ်းအနားမှာ ဦးဆောင်ကျင်းပခဲ့တဲ့ ၇၄,၇၅,၇၆ ကျောင်းသားခေါင်းဆောင်ဟောင်း (၁၀) ဦးတို့မှ ပြောကြားခဲ့သလို၊ တဦးချင်းစီ၏ ဖြတ်သန်းမှု၊ ခံစားမှုများကိုလည်း အနှစ်ချုပ်ပြောဆိုခဲ့ပါသည်။ တက်ရောက်လာသည့် မျိုးဆက်သစ်လူငယ်ကျောင်းသားများမှလည်း ၇၄,၇၅,၇၆ ကျောင်းသားလှုပ်ရှားမှု သမိုင်းထဲမှ သိလိုသည်များကို မေးမြန်းခဲ့သလို၊ ယနေ့ကာလ စစ်အာဏာရှင်ဖျက်သိမ်းရေး၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးတိုက်ပွဲ၏ လက်ရှိအခြေအနေများကိုလည်း ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်မေးမြန်းကြ၊ ဖလှယ်ကြပါသည် ။

■ ■ ■ ■

# NDD သင်တန်းနည်းပြများ၏ လှုပ်ရှားမှုများ

## နိုင်ငံရေးအရည်အသွေးဆိုင်ရာ မြှင့်တင်ရေးသင်တန်း



Kayen New Generation Youth ရုံးမှ

ကယန်းလူငယ်မျိုးဆက်သစ် (KNGY) အဖွဲ့၏ အစီအစဉ်ဖြင့် ကယန်းလူငယ်များရုံး၌ပြုလုပ်သော နိုင်ငံရေးအရည်အသွေးဆိုင်ရာ မြှင့်တင်ရေးသင်တန်းကို ၂၀၀၆ ခုနှစ် ဇွန်လ (၁၂) ရက်မှ ဇူလိုင်လ (၁၆) ရက်အထိ ကျင်းပခဲ့ပါသည်။

ထိုသင်တန်းတွင် ကယန်းလူငယ်မျိုးဆက်သစ်မှ အမျိုးသား(၉)ဦးနှင့် အမျိုးသမီး (၂) ဦး စုစုပေါင်း (၁၁) ဦး တက်ရောက်လေ့လာဆွေးနွေးခဲ့သည်။

တစ်လကြာ သင်တန်းတွင် လူ့အခွင့်အရေး၊ လူ့အခွင့်အရေး ချိုးဖောက်မှုများအား မှတ်တမ်းကောက်နည်း၊ ဒီမိုကရေစီ၊ ဖက်ဒရယ်၊ လူထုစည်းရုံးရေးနည်းနာ၊ ရှေ့လုပ်ငန်းစဉ်နည်းဗျူဟာ ချမှတ်ခြင်း၊ အစီရင်ခံစာရေးသားနည်းတို့ကို NDD သင်တန်းနည်းပြအဖွဲ့များဖြစ်သည့် ဒေါက်တာနိုင်အောင်၊ စိုင်းမြင့်သူ၊ စောသန်းလှိုင်၊ နန်းမြတ်ထွေးဟိန်းတို့နှင့်အတူ ဦးကျော်ကို (ABSDF) နှင့် ဦးမင်းနိုင် (ABFSU- FAC) တို့မှ ပါဝင်အားဖြည့်ဆွေးနွေးခဲ့ပါသည်။

## Against Gender Based Violence Workshop အလုပ်ရုံ ဆွေးနွေးပွဲ

နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားများအဖွဲ့ (Backpack Health Workers Team) ၏ အစီအစဉ်ဖြင့် ကျန်းမာရေးလုပ်သားများအား လိင်ကွဲပြားမှုအပေါ် အခြေခံ၍ ဖြစ်ပေါ်လာသော အကြမ်းဖက်မှုများအကြောင်းကို ပိုမိုသိသာလာရန်နှင့် ကြိုတင်ကာကွယ်တတ်လာစေရန်အတွက် Against Gender Based Violence Workshop အလုပ်ရုံ ဆွေးနွေးပွဲ ၂၀၀၆ ခုနှစ် ဩဂုတ်လ (၉)ရက်မှ (၁၁)ရက်အထိ ကျင်းပခဲ့သည်။



ထိုသင်တန်းကို အင်န်ဒီဒီ၏ နည်းပြအဖွဲ့ဝင်များဖြစ်သော နော်လေးဒီနှင့် နန်းမြတ်ထွေးဟိန်းတို့မှ သွားရောက်ဆွေးနွေးဖလှယ်ခဲ့ပါသည်။

ထိုဆွေးနွေးပွဲတွင် တိုင်းရင်းသားပေါင်းစုံပါဝင်သော နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးအဖွဲ့ဝင် အမျိုးသမီး (၁၆) ဦး၊ အမျိုးသား (၇) ဦး စုစုပေါင်း (၂၃) ဦး တက်ရောက်ဆွေးနွေးခဲ့ပါသည်။

## ဩဂုတ်စိတ်တမ်းချင်း၊ အမေ ဧရာဝတီနှင့် ပြည့်ဆောင်းညများ



ရှစ်လေးလုံး ၁၈ နှစ်မြောက်နေ့အထိမ်းအမှတ်အဖြစ် ၂၀၀၆ ခုနှစ် ဩဂုတ်လ (၈)ရက်နေ့တွင် ထိုင်း–မြန်မာနယ်စပ်တနေရာရှိ သစ္စာတော်လှန်ရေး စာပေမဂ္ဂဇင်းတိုက်တွင် တော်လှန်ရေးအင်အားစုများ၊ စာပေအနုပညာအင်အားစု များက ကဗျာရွတ်ဆိုခြင်း၊ ခင်ဝမ်းတေးသီချင်းများ သီဆိုခြင်း၊ (၇၄)ခုနှစ် ကျောင်းသားလှုပ်ရှားမှုတိုက်ပွဲတွင် စစ်အုပ်စု၏ သေဒဏ်ချမှတ်ခြင်းခံခဲ့ရသည့် ချင်းကျောင်းသားခေါင်းဆောင် ရဲဘော်တင်မောင်ဦး အမှတ်တရ Performance Art ဖြင့် တင်ဆက်ပြသခြင်းများကို ကျင်းပခဲ့ကြပါသည်။

ထိုအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ကဗျာဆရာ မောင်လွမ်းဏီမှ ဆောင်ရွက်ပြီး လူအင်အား(၁၅၀)ခန့် တက်ရောက်ခဲ့ကြပါသည်။





# ချဉ့်ဖေါင်ကြောက်သူရဲ့ သောက

ချမ်း

"၁၅ နှစ်လောက် လုပ်လိုက်တဲ့အခါမှာ NLD လည်း အာဏာရ မလာဘူး။ ဒေါ်အောင်ဆန်းစုကြည်လည်း နိုင်ငံခေါင်းဆောင် ဖြစ်မလာဘူး။ ကျောင်းသားတပ်မတော်ကြီးလည်း ဒီအချိန်မှာ လုံးဝမရှိတော့တဲ့ အနေအထားမျိုးမှာ ရှိတယ်။ ရှိရင်လည်း ရာဂဏန်းလောက်ပဲ။ ဘာမှ ဖြစ်ဖြစ် မြောက်မြောက် ဘာမှ မလုပ်နိုင်တော့ဘူး။ နိုင်ငံခြားကို ထွက်လာပြီး နေတဲ့လူတွေ တော်တော်များများကလည်း တိုင်းပြည်နဲ့ အဆက်အသွယ်ပြတ်သွားပြီးတော့ ပြည်သူတွေ စားဝတ်နေရေး ဒုက္ခရောက်တာကို ဘာမှ လုပ်မပေးနိုင်တဲ့ အနေအထားကြီး ..."



အဲဒီစကားကို ပြောသွားတဲ့ ကြားနေဝါဒ ဘက်မလိုက်ပညာရှင်ဟာ အရင်က စစ်အစိုးရလက်အောက်မှာ ရင်းနှီးမြှုပ်နှံမှုတွေမလုပ်ကြဖို့ စီးပွားရေးအရ စစ်အစိုးရကို သပိတ်မှောက် အရေးယူကြဖို့ လှုံ့ဆော်ခဲ့သူတစ်ယောက်ပါ။

ခုတော့ အထက်က ဖော်ပြထားတဲ့အချက်တွေကြောင့် သူ့ရဲ့ စိတ်ဓါတ်နဲ့ ရပ်တည်ချက် ပြောင်းလဲသွားပြီးတော့ "စစ်အစိုးရအပေါ်ကို နားလည်ဖို့၊ အပေးအယူလုပ်ဖို့" စာအုပ်တွေ ရေးသားထုတ်ဝေလာရပုံကို ဘီဘီစီအသံလွှင့်ဌာနရဲ့ အမေးအဖြေ အစီအစဉ်မှာ ပြောသွားပါတယ်။

အကယ်၍ အထက်က အကြောင်းပြချက်တွေကြောင့် အတွေးအခေါ်ပြောင်းပြီး ရပ်တည်ချက်တွေက ကိုဇာနည် တစ်ဦးတစ်ယောက်တည်း မဟုတ်ပဲနဲ့ လူထုအားလုံးနဲ့ အတိုက်အခံအားလုံးကလည်း လိုက်ပြောင်းသွားမယ်ဆိုရင်တော့ နအဖတော့ ကမ္ဘာတည်သရွေ့ မြန်မာပြည်ကို ဆက်ပြီးအုပ်ချုပ်ဖို့ အခွင့်အရေးရလိမ့်ဆိုတာ မလွဲပါဘူး။

ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ တိုင်းပြည်လွတ်လပ်ရေးနဲ့ အမျိုးသားလွတ် မြောက်ရေးအတွက် တိုက်ပွဲဝင်တဲ့နေရာမှာ အပြောင်းအလဲတွေ၊ အချိုးအကွေ့တွေ အခက်အခဲတွေနဲ့ ပြဿနာပေါင်းစုံရှိ စမြဲပါပဲ။ အဲ့ဒီအချိန်တွေကြုံတိုင်း ပြည်သူလူထုကို ကျောခိုင်းသွားတဲ့ နိုင်ငံရေးခေါင်းဆောင်တွေ လှုပ်ရှားတက်ကြွသူတွေဟာ သမိုင်းမှာ ပြည်သူ့ဒဏ်သင့်ကြရပါတယ်။



မြန်မာပြည်ထဲမှာ ပြည်သူလူထုက ရွေးကောက်တင် မြှောက်ထားတဲ့ ခေါင်းဆောင်တွေက ဒီမိုကရေစီပြုပြင်ပြောင်းလဲဖို့အတွက် နအဖနဲ့ညှိနှိုင်းဖို့ ကမ်းလှမ်းခဲ့တာလည်း အကြိမ်ကြိမ်ပါပဲ။ ဒါကို နအဖက သူ့ရဲ့ ရဒ်မက်ကို အသက်တမျှဖက်တွယ်ထားပြီး လူထုနဲ့ နိုင်ငံတကာကို ချပြနေတာလည်း လူတိုင်းအသိပါပဲ၊

NLD က ညှိနှိုင်းဖို့အကြိမ်ကြိမ်တောင်းဆိုခဲ့တယ်၊ အလျှော့ပေးခဲ့ တယ် NLD မှာ လျှော့စရာမရှိတော့ဘူး၊ စာရေးဆရာကြီးတစ်ယောက် ပြောသလိုပြောရရင် လျှော့စရာဆိုလို့ ဦးလွင်ရဲ့ ပုဆိုးပဲ ကျန်တော့တယ်။ ဒီအချက်တွေကိုတော့ ကြားနေဝါဒ လေ့လာသူပညာရှင်တွေရဲ့ မျက်လုံးတွေမှာ မျက်ချေးပိတ်ပြီးတော့ မမြင်နိုင်တော့တာလား။

ပြည်သူတွေဖက်ကြည့်ကြအုံးစို့ နအဖစစ်အရာရှိတွေ ဇိမ်ခံကားတွေ စီး၊ ခြံကောင်းတိုက်ကောင်းတွေနဲ့ နေပြီး ပြည်သူတွေဆီက လုယူခိုးဝှက်ထားတဲ့ ပြည်သူ့ဘဏ္ဍာနဲ့ စားသောက်နေတဲ့အချိန်မှာ ပြည်သူတွေက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စားဝတ်နေရေးစတာတွေ အောက်ဆုံးအဆင့်ကို ရောက်နေပါပြီ။ နအဖတွေက ဆီဦးထောပတ်စားနေတဲ့အချိန်မှာ ပြည်သူတွေက ထမင်းရည်တစ်ပုလင်း ရာကျော်ပေးဝယ်ပြီး သောက်နေရပါသတဲ့။ ဒါကရော ဆင်းရဲတဲ့ လူထုတွေရဲ့ Management က မှားနေလို့လား။

လူထုတွေက သူတို့အခွင့်အရေးတောင်းဆိုဖို့ နေနေသာသာ နေ့စဉ်သုံးပြောစကားထဲမှာတောင် အမှားမပါဖို့ သတိထားနေရတယ်။ ကိုယ့်မိသားစု အခြေအနေကြပ်တည်းလို့ ပြောမိတာတောင် အခန့်မသင့်ရင် ထောင်ထဲရောက်သွားနိုင်တယ်။

ခုဆိုရင် အခြေအနေက ပိုတောင်ဆိုးလာပါသေးတယ်၊ နအဖက ရိုးရိုးထောင်ကိုတောင် မပို့တော့ပဲ အရှူးထောင်ပို့ပြီး ညှဉ်းဆဲနည်းအသစ်တွေ ထပ်လုပ်လာနေပါသတဲ့။ ဒါတောင် နအဖအစိုးရကို အပြစ်တင်ဖို့ အားနာနေရအုံးမလား။



ဖမ်းဆီးခံရပြီး နအဖအကျဉ်းထောင်တွေထဲမှာ သေဆုံးသွားကြတဲ့ ကျန်ရစ်တဲ့ မိသားစုဝင်တွေ၊ ပြီးတော့ နအဖတပ်တွေရဲ့ မုဒိမ်းကျင့်ခံရတဲ့ ပြည်သူ အမျိုးသမီးနဲ့ နအဖရဲ့ ညှဉ်းပမ်းနှိပ်စက်မှုတွေကြောင့် အိုးပစ်အိမ်ပစ် ထွက်ပြေးတိမ်းရှောင်ရပြီး တောထဲမှာ ဒုက္ခသည်စခန်းတွေထဲမှာ ဒုက္ခရောက်နေကြတဲ့ ပြည်သူတွေမှာ နအဖကို အပြစ်မတင်ပဲနဲ့ ပြေပြေလည်လည်ညှိနှိုင်းခိုင်းဖို့ ကြားနေဝါဒပညာရှင်တွေ စိတ်ကူးယဉ်နေကြတာလား။

စစ်အစိုးရလက်အောက်မှာ ပြားနေတဲ့ လူထုထဲမှာ လက်တွေ့လာနေကြည့်ပါ။ စစ်အစိုးရအုပ်ချုပ်တဲ့ မြန်မာပြည်ထဲမှာ စစ်အစိုးရကို ဆန့်ကျင်တဲ့ နိုင်ငံရေးသမားလာလုပ်ကြည့်ပြီးတော့ မှန်ကန်တဲ့ပေါ်လစီတွေကို လာချကြည့်ပါ၊ အားကောင်းတဲ့ Management တွေကို လာချကြည့်ပါ။

## လူထုနဲ့အနီးကပ်မနေရင်တော့ လူထုကို ခြင်ကိုက်တာမပြောနဲ့ ဆင်ကိုက်သွားတာတောင် သိလိမ့်မှာမဟုတ်ပါဘူး။ လူထုရဲ့ လက်ရှိဒုက္ခကို မမြင်ပဲနဲ့ "ခြင်ကိုက်၊ ငှက်ဖျားဖြစ်တာကို အစိုးရကို အပြစ်မတင်ကြနဲ့" လို့ ပြောနေပေမယ့် တကယ့်လူထုဘဝက စစ်အာဏာရှင်စနစ်ဆိုတဲ့ ဆင်ရိုင်းကြီးနင်းလို့ ပြားနေပါပြီ။

လူထုနဲ့အနီးကပ်မနေရင်တော့ လူထုကို ခြင်ကိုက်တာမပြောနဲ့ ဆင်ကိုက်သွားတာတောင် သိလိမ့်မှာမဟုတ်ပါဘူး။ လူထုရဲ့ လက်ရှိဒုက္ခကို မမြင်ပဲနဲ့ ခြင်ကိုက်၊ ငှက်ဖျားဖြစ်တာကို အစိုးရကို အပြစ်မတင်ကြနဲ့လို့ ပြောနေပေမယ့် တကယ့်လူထုဘဝက စစ်အာဏာရှင်စနစ်ဆိုတဲ့ ဆင်ရိုင်းကြီးနင်းလို့ ပြားနေပါပြီ။

လူထုတွေမှာ ကမ်းကုန်အောင် ရက်စက်ကြမ်းကြုတ်တဲ့ စစ်အာဏာရှင် ဖက်ဆစ်စနစ် အကိုက်ခံရပြီး အဖက်ဖက်က ချွတ်ခြုံကျတဲ့ ရောဂါပေါင်း သောင်းခြောက်ထောင်ဝင်နေလို့ နအဖကို အရှိအတိုင်း ဝေဖန်နေတာပါ။ အလကား နေရင်းနဲ့ နအဖမျက်ချေးကို စောင့်ပြီးကြည့်တာ မဟုတ်ပါဘူး။

ဘက်မလိုက်ပညာရှင်တွေက နအဖစစ်အာဏာရှင်ကို ပါးပါးလေး စတိလောက် အပြစ်ဆိုပြီးတော့ အတိုက်အခံတွေနဲ့ လူထုကို များများအပြစ်ဆိုနေတာတွေကို အများက ရိပ်မိနေပါပြီ။

ဘက်လိုက်တယ်ဆိုရင်လည်း ပြောင်လိုက်ပါ။ ခြံစည်းရိုးပေါ် ခွမထိုင် ပါနဲ့၊ အထိုင်မတော်ရင် ဒုက္ခရောက်သွားနိုင်သလို ခြံစည်းရိုးပေါ်က ပြုတ်ကျရင်လည်း မလှမပနဲ့ ဖြစ်သွားနိုင်ပါတယ်။ —

ကြားနေဝါဒ ဘက်မလိုက်ပညာရှင်ကြီးတွေကို ဥပမာလေးတစ်ခုနဲ့ နောက်ဆုံး အကြံပေးပါရစေ၊

ရွာတစ်ရွာမှာ ဦးကတုံးဆိုတဲ့ အဘိုးကြီးတစ်ယောက်ရှိသတဲ့။ သူ့မှာက ဇနီးလည်းမရှိတော့ သားသမီးတွေကလည်း အိမ်ထောင်ရက်သားကျသွားကုန်လို့ ဦးကတုံးဟာ တစ်ကိုယ်တည်း နေထိုင်သတဲ့။

တစ်နေ့တော့ ဦးကတုံးကို သမက်ဖြစ်သူနှစ်ယောက်က သူတို့အိမ်မှာ ထမင်းစားဖို့ ဖိတ်သတဲ့။

ဦးကတုံးက သူ့သမက်နှစ်ယောက်စလုံးက တစ်ပြိုင်တည်းခေါ်တော့ ဘယ်အိမ်ကို သွားစားရမှန်းမသိ ဆုံးဖြတ်ရခက်နေတော့တယ်။

အဲဒီမှာ ဦးကတုံးက အကြံတစ်ခုရသွားတော့။ " မင်းတို့နှစ်ယောက် က ငါ့ရဲ့လက်ကို တယောက်တဖက်စီဆွဲပါ၊ ငါ့ကိုပါအောင်ဆွဲနိုင်တဲ့ လူရဲ့အိမ်မှာ ငါထမင်းသွားစားမယ်။ ငါဘက်မလိုက်ဘူး။ အလယ်မှာပဲနေမယ်" လို့ ပြောလိုက်တယ်။

အဲဒီမှာ ဦးကတုံးက အလယ်မှာရပ်နေပြီးတော့ သူ့ရဲ့ညာဖက်လက်မောင်းကို သမက်တယောက်က ဆွဲတယ်၊ ဘယ်ဖက်လက်မောင်းကို တခြားသမက်တယောက်က စဆွဲတော့တာပါပဲ။

အဲလို သမက်တွေ ဆွဲနေတဲ့အချိန်မှာ ဦးကတုံးက ဘာကို စဉ်းစားမိလဲဆိုတော့ သမက်နှစ်ယောက်ထဲမှာ တယောက်က ချမ်းသာတယ်။ တယောက်က ဆင်းရဲတယ်။ ချမ်းသာတဲ့ သမက်ဖက်ကိုလိုက်ရင် ဝက်သားဟင်းနဲ့ ထမင်းစားရမယ်၊ ဆင်းရဲတဲ့ သမက်ဖက်ကိုလိုက်ရင် ချဉ်ပေါင်ဟင်းကိုပဲစားရမယ် … ဒီတော့ ဝက်သားဟင်းပဲ စားမယ်ပေါ့။

အဲဒီတော့ ဦးကတုံးဟာ သူ့ရဲ့ကိုယ်အထက်ပိုင်းကို ဘက်မလိုက်တဲ့ အနေနဲ့ ဖြောင့်ဖြောင့်မတ်မတ်ထားပေမယ့် ခြေထောက်တွေကတော့ ချဉ်ပေါင်ပဲ ကျွေးနိုင်တဲ့ သမက်ဖက်ကို ကန်ထားပြီး ဝက်သားကျွေးနိုင်တဲ့ သမက်ဖက်ကို မသိမသာရုန်းနေတယ်။

ဆင်းရဲသားသမက်ကလည်း အစကမသိဘူး။ သူဖက်ပါအောင် သူ့ဆွဲလိုက်ရတာ ချွေးတလုံးလုံးပဲ၊ နောက်တော့ သူ့ယောက္ခမက ခြေကန်ပြီး ရုန်းနေတယ်ဆိုတာ သတိထားမိသွားတယ်။

အဲဒီမှာ ဆင်းရဲသားသမက်က သူ့ယောက္ခမ ဘက်လိုက်နေတယ်ဆိုတာကို သိသွားတာနဲ့ "ချဉ်ပေါင်ကိုကာပြန်လို့ ဝက်သားထံ ခြေကန်ရုန်းသွားတော့ ကတုံး" လို့ ဆိုပြီးတော့ ဆွဲထားတဲ့လက်ကို လွှတ်ချလိုက်တော့ ယောက္ခမကြီး ဦးကတုံးရော ဝက်သားဟင်းကျွေးနိုင်တဲ့သမက်ပါ ဟန်ချက်ပျက်သွားပြီး ဝုန်းကနဲ ကြမ်းပြင်ပေါ်မှာ လဲကျသွားသတဲ့။

ကမ္ဘာပေါ်မှာ ဘက်မလိုက်တဲ့ သတ္တဝါဆိုတာ မရှိပါဘူး။ ဒါပေမယ့် ကိုယ်လိုက်တဲ့ဘက်နဲ့ ကိုယ်ရပ်တည်မယ့်ဘက်က ချဉ်ပေါင်ဟင်းဘဲ စားနိုင်တဲ့ ပြည်သူ့ဘက်လား၊ ပြည်သူတွေဆီက ခိုးဆိုးတိုက်ခိုက်ထားပြီးတော့ အဆီအနှစ်စားနိုင်တဲ့ ဝက်သားစားနိုင်တဲ့ နအဖအစိုးရဘက်လား သေချာစဉ်းစားစေချင်ပါတယ်။

အကယ်၍ ဝက်သားစားနိုင်တဲ့ နအဖဖက်ကို ဘက်လိုက်ချင်တယ်ဆိုရင် ပွင့်ပွင့်လင်းလင်းပြောလိုက်ပါ၊ ပြောင်လိုက်ပါ၊ ဘက်မလိုက်ဘူးလို့ ပါးစပ်က အော်နေပြီးတော့ လူထုဖက်ကို ခြေကန်ပြီးတော့ မသိမသာမလိုက်ပါနဲ့။

ခြေကန်ပြီး မသိမသာလိုက်ရင်တော့ ပြည်သူတွေသိသွားတဲ့တစ်နေ့ကျ "သွားပဟဲ့ကတုံး" ဆိုပြီး လွှတ်ချလိုက်မှ ပုံပျက်ပန်းပျက်ကျသွားမယ်ဆိုတာ သေချာပါတယ်။

ချမ်း

■ ■ ■ ■

# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB) ဒုတိယအတွင်းရေးမှူးချုပ် ကိုထွေးလင်းနှင့် ငုရပ်ပြင် တွေ့ဆုံမေးမြန်းခြင်း

**(၁) မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု (FDB) ဖွဲ့စည်းရခြင်းအကြောင်းရင်းကို ငုရပ်ပြင် ပရိတ်သတ်နဲ့ မိတ်ဆက်ပေးပါဦး။**

၂၀၀၃ ခုနှစ် မေ (၃၀) မှာ ဒီပဲယင်းလူသတ်ပွဲဖြစ်တယ်။

အဲဒါပြီးလို့ (၃) လအကြာမှာ ဗိုလ်ခင်ညွန့်ကို ဝန်ကြီးချုပ်လုပ်ခိုင်းပြီး လမ်းပြမြေပုံ (၇)ချက်ကိုကြေညာတယ်။ လမ်းပြမြေပုံ (၇) ချက်ကြေညာတဲ့ ဗိုလ်ခင်ညွန့်ရဲ့ မိန့်ခွန်းမှာ ဒီပဲယင်းပြဿနာကို အဖြစ်မှန်ဖေါ်ထုတ်ပြီး အဖြေရှာဖို့ လုံးလုံးမပါရှိတဲ့ အပြင် ကနေ့အထိ မြန်မာနိုင်ငံရဲ့ ပြဿနာအရပ်ရပ်ကို မဖြေရှင်း နိုင်ဖြစ်နေရတာဟာ … "NLD က ခေါင်းမာလို့၊ NLD ဟာ သူ့တပါတီတည်း အကျိုးစီးပွားကိုကြည့်ပြီး အမျိုးသား ညီလာခံကို ကျောခိုင်းထွက်ခွာခဲ့လို့၊ '(၉၀) ရွေးကောက်ပွဲရလဒ်ကို အသေဆုပ်ကိုင်ပြီး တွေ့ဆုံဆွေးနွေးရေးနဲ့ လွှတ်တော်ခေါ်ယူရေး' ကို နိုင်ငံရေး တိုက်ကွက်တခုအဖြစ် ကိုင်စွဲ ဆောင်ရွက်နေလို့" စသည်ဖြင့် NLD ကို ရမယ်ရှာပြီး အပြစ်ပုံချပြောဆိုလာတယ်။

လူထုနှင့် နိုင်ငံတကာက ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ အနိုင်ရပါတီတွေကို ခတ်ကြမ်းကြမ်းဖိပြီး စစ်အုပ်စုဟာ သူ့မြင်းသူစိုင်းတော့မယ်ဆိုတာ ပိုပြီးထင်ရှားလာ တယ်။

ဒီလိုအခြေနေသစ်မှာ ကျနော်တို့ဘာလုပ်ကြမလဲ …

တဦးချင်း၊ တပါတီချင်းဆိုတာထက် ကျနော်တို့စုဖွဲ့မှုရှိရှိ ဘာလုပ်ကြမလဲ စဉ်းစားကြတယ်၊ ဒီမှာ ကျနော်တို့ ဒီလိုအပ်ချက်တွေကို စဉ်းစားမိတယ်၊

- လက်ရှိနိုင်ငံရေးအခြေအနေအောက်တွင် ဒီမိုကရေစီအင်အားစုများ၏ အမြင်သဘောထားနှင့် စွမ်းအားများကိုပိုမို ပေါင်းစပ်ရန် လိုအပ်နေခြင်း။
- ဒီမိုကရေစီလှုပ်ရှားမှုအတွင်း ထိထိရောက်ရောက် စွမ်းဆောင်နိုင်မည့် လုပ်အားစုများ ပိုမိုစုစည်းရန် လိုအပ်နေခြင်း။
- ဒီမိုကရေစီလှုပ်ရှားမှုအတွင်း မဟာဗျူဟာအရ ဆက်စပ်ဆောင်ရွက်သည့် လုပ်ငန်းများတွင်သာမက လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးအဖွဲ့အစည်း များအကြား ဆက်စပ်ဆောင်ရွက်မှုများတွင်ပါ ပံ့ပိုးကူညီရန် လိုအပ်နေခြင်း။
- ဒီမိုကရေစီတိုက်ပွဲအတွက် လူထုအခြေခံများ ဖော်ထုတ်ရန်နှင့် တိုက်ပွဲအတွင်း လူထုပါဝင်မှုများ မြှင့်တင်ရန်အတွက် ထိထိရောက်ရောက် ဆောင်ရွက်ရန် လိုအပ်နေခြင်း။
- မြန်မာ့နိုင်ငံရေးဖြစ်စဉ်အတွင်း အမျိုးသမီးများ၏အခန်းကဏ္ဍကို အလေးထား မြှင့်တင်ရန် လိုအပ်နေခြင်း။
- မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေမှန်များနှင့် ကမ္ဘာ့နိုင်ငံရေး ဖြစ်ပေါ် ပြောင်းလဲမှုများအား စနစ်တကျလေ့လာသုံးသပ်၍ ဒီမိုကရေစီလှုပ်ရှားမှု အတွင်း ဦးဆောင်နေသူများအား တင်ပြရန် လိုအပ်နေခြင်း။

အဓိကအားဖြင့်ဆိုရင် ဒီအရင်းခံအကြောင်းတရား (၆)ပါး သို့မဟုတ် အဓိက လိုအပ်ချက် (၆)ခုကို ဖြည့်ဆည်းချင်တဲ့ ကျနော်တို့အားလုံးရဲ့ ဆန္ဒဟာ FDB ကို ဖြစ်ပေါ်စေခဲ့ပါတယ်။

**(၂) တပ်ပေါင်းစုနဲ့အောင်ပွဲခံရေးဟာ ဗမာပြည်တော်လှန်ရေးရဲ့ အချက်အခြာ မဟာဗျူဟာလုပ်ငန်းလို့ နားလည်ထားပါတယ်။ FDB ဟာ ဗမာပြည်ဒီမိုကရက်တစ်အင်အားစုတွေနဲ့ စုစည်းထားတာဆိုတော့ ခိုင်မာတဲ့အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု ပေါ်ထွန်းရေးနဲ့ ပတ်သက်တဲ့ အမြင်၊ သဘောထားကို သိပါရစေ။**

ကနေ့မြန်မာနိုင်ငံမှာ ကြုံတွေ့ရင်ဆိုင်နေရတဲ့ ပြဿနာအရပ်ရပ်ကို ဖြေရှင်းကျော်လွှားနိုင်ဖို့ကိစ္စဟာ တဦးတယောက်ချင်း၊ တပါတီချင်း၊ တစုတဖွဲ့ချင်းနှင့် ဘယ်လိုမျှ မစွမ်းဆောင်နိုင်ပါဘူး။

နိုင်ငံရေးအနှစ်သာရရှိတဲ့၊ အားလုံးကိုလွှမ်းခြုံနိုင်တဲ့၊ ဘုံလုပ်ငန်းစဉ်တရပ်အောက်မှာ စုစည်းနိုင်တဲ့၊ ကြီးမားကျယ်ပြန့်တဲ့ တပ်ပေါင်းစုတရပ်နှင့်သာ အရာရာကို ကျော်လွှားနိုင်လိမ့်မယ်လို့ ကျနော်တို့ FDB က အခိုင်မာယုံကြည်ပါတယ်။

အခု ကျနော်တို့လက်တွေ့မှာ အဲဒီလိုမျိုးလက္ခဏာဆောင်တဲ့ တပ်ပေါင်းစုမျိုး မတည်ဆောက်နိုင်ကြသေးဘူး၊FDB အနေနှင့် ဒီဆုံချက်၊ ဒီလိုအပ်ချက်ပေါ်ပေါက်လာရေး၊ ရှင်သန်အားကောင်းလာရေးအတွက် တက်ကြွစွာကြိုးပမ်းသွားဖို့ သံဓိဋ္ဌာန်ချထားပါ တယ်။

ပြည်တွင်းမှာဆိုရင်လည်း NLD ပါဝင်သော သို့မဟုတ် NLD ကိုဝန်းရံသော တပ်ပေါင်းစုတရပ် သဏ္ဍာန်အရမဟုတ်ရင်တောင် အနှစ်သာရအရ ပေါ်ပေါက်လာအောင် ကျနော်တို့ ကြိုးစားသွားရမှာပါ။

ကနေ့ကာလ တိုက်ပွဲလိုအပ်ချက်အရ ပြည်တွင်းမှာရှိတဲ့ အင်အားစုအသီးသီးဟာ အနှစ်သာရအရ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုတရပ် ပေါ်ပေါက်ရေးဆီကို ရှေ့ရှုဆောင်ရွက်နေကြတယ်လို့ ကျနော်တို့ယုံကြည်တယ်။

**(၃) FDB ရဲ့ ပထမအကြိမ်ညီလာခံကနေပြီး လူထုတိုက်ပွဲများဖြင့်သာ လက်ရှိအထွေထွေ အကျပ်အတည်းတွေကို ကျော်လွှားသွားနိုင်လိမ့်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ အဲဒီတော့ လူထုကြီးကို FDB ကနေ ဘယ်လိုများ လူထုလှုပ်ရှားမှုတွေ ဖြစ်လာအောင် ဆောင်ရွက်မယ်ဆိုတာ သိချင်ပါတယ်။**

အဓိက ကျနော်တို့ပေးချင်တဲ့ Message က …

"နအဖစစ်အုပ်စုရဲ့ လမ်းပြမြေပုံကို အဆင့်တိုင်းမှာ ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်သွားနိုင်ဖို့ပဲ ဖြစ်ဖြစ်၊ အင်အားစုအသီးသီးပါဝင်ပြီး လွတ်လပ်တန်းတူတဲ့ တွေ့ဆုံဆွေးနွေးရေးဖြစ်ပေါ်လာဖို့ပဲ ဖြစ်ဖြစ်၊ အဓိကအားဖြင့် လှုပ်ရှား ဆောင်ရွက်နိုင် သူဟာ လူမျိုးပေါင်းစုံ ပြည်သူလူထုကိုယ်တိုင်ပဲ ဖြစ်တယ်။

ဘယ်လိုကယ်တင်ရှင်မှ မရှိနိုင်ဘူး၊

ဘာမှ ဝေဝါးထွေပြားနေဖို့လည်းမလိုဘူး၊ ဥစ္စာရင်လို ဥစ္စာရင်ခဲ လုပ်ကြရလိမ့်မယ်"ဆိုတဲ့ အချက်ကိုပါ။ ဒါကြောင့် …

"လူထုကြီးကိုယ်တိုင်ရဲ့ လှုပ်ရှားမှု၊ လူထုတိုက်ပွဲများဖြင့်သာ အရာရာကို ကျော်လွှားရမည်ဖြစ်ကြောင်း" ကျနော်တို့ရဲ့ ပထမအကြိမ်ညီလာခံက တညီတညွတ်တည်း အခိုင်မာဆုံးဖြတ်ချက်ချပြီး ထုတ်ပြန်ကြေညာခဲ့ကြတာပါ။

လူထုလှုပ်ရှားမှုဆိုတာ ကျနော်မြင်တာက အမျိုးမျိုးရှိနိုင်ပါတယ်၊

ဒေါက်တာဆလိုင်းထွန်းသန်းတို့၊ သီလရှင်လေး(၂)ပါးတို့၊ အောင်မင်္ဂလာတိုက်သစ်(အလုံ)က ဦးဇင်းဦးကေသဝတို့လို မြို့တော်ခန်းမရှေ့မှာ တကိုယ်တော်ဆန္ဒပြတာမျိုး၊ ဒါမျိုးလည်းရှိနိုင်တယ်။

မစုစုနွေးလို၊ ရှေ့နေကြီး ဦးအေးမြင့်လို၊ စလင်းမြို့နယ် မကျီးပင်ကျေးရွာ က လယ်သမားကြီး ဦးဉာဏ်ထွန်းလို ကိုယ့်အခွင့်ရေးအတွက် ကိုယ်ရပ်ခံပြောဆိုတဲ့ ( Right Based) အခွင့်အရေးတိုက်ပွဲတွေလည်း ဖြစ်နိုင်တယ်။

စစ်တွေ၊ မော်လမြိုင်၊ မြောက်ဒဂုံ၊ မကွေး၊ မြင်းခြံ၊ ဟသ်ာတစတဲ့ ကောလိပ်တွေ၊ တက္ကသိုလ်တွေက ကျောင်းသားတွေရဲ့ တိုက်ပွဲတွေ၊ လှိုင်သာယာစက်မှုဇုံ၊ ရွှေပြည်သာ စက်မှုဇုံ၊ ပဲခူးစက်မှုဇုံတွေက အလုပ်သမားတိုက်ပွဲတွေ၊

ဒါတွေဟာလည်း လူထုတိုက်ပွဲငယ်တွေပဲ ဖြစ်ပါတယ်။

၈၈ ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှုကဲ့သို့ နှိုင်းယှဉ်ချက်အရ ပိုကြီးတဲ့ တိုက်ပွဲတွေ၊ အကြီးမားဆုံး အခမ်းနားဆုံးဖြစ်တဲ့ ရှစ်ဆယ့်ရှစ် လူထုအရေးတော်ပုံကြီး တွေ၊ ဒါတွေအားလုံးဟာ လူထုလှုပ်ရှားမှု၊ လူထုတိုက်ပွဲတွေဖြစ်ပါတယ်။

"လူထုကိုယ်တိုင်ဟာ အဓိက မောင်းနှင်အားဖြစ်တယ်"ဆိုတဲ့အသိ လူထုရင်ထဲမှာ ပိုပြီးစွဲနှစ်လာအောင်၊ တိုက်ပွဲဝင်ရဲ၊ အောင်ပွဲကို အရယူရဲတဲ့ သတ္တိတွေ တနေ့တခြား ပိုပြီးကြီးမားလာအောင် ကျနော်တို့ လမ်းကြောင်းတွေကတဆင့်၊ ပြည်တွင်းမှာရှိတဲ့ ကျနော်တို့ရဲ့အင်အား အခြေခံတွေကတဆင့် ကျနော်တို့ စနစ်တကျပြင်ဆင်ပြီး ခြေလှမ်းရှိရှိ လုပ်ဆောင်နေပါတယ်၊ ဒါဟာ တောက်လျှောက် လုပ်သွားရမှာပါ။

'ဘယ်နေ့မှာ လူထုတိုက်ပွဲဖြစ်စေ' ဆိုတာမျိုးကတော့ ဘယ်သူမှ ဖန်တီးလို့ရနိုင်တဲ့အရာ မဟုတ်ပါဘူး။

အချိန်မရွေးဖြစ်ပေါ်နေတဲ့ မီးပွားလေးတွေကို ငြိမ်းမရတဲ့ မီးတောက်မီးလျှံ ဖြစ်လာအောင် ဘယ်လိုလုပ်မလဲ။ အဲဒါကို အင်အားစုတိုင်းက အားစိုက်ပြီး လုပ်ကြရ ပါလိမ့်မယ်။

**(၄) နအဖဟာ လူထုလှုပ်ရှားမှုတွေဖြစ်လာမှာကို သိပ်ကြောက်နေပါတယ်။ ပိုင်ရှင်မဲ့ဗုံးတွေကို ဖောက်ခွဲ၊ မြို့ပြလုံခြုံရေးကို အကြောင်းပြပြီး အကြောင်းမဲ့ မြို့ပေါ်လမ်းမတွေပေါ်မှာ လက်နက်ကိုင်ပြီး ကင်းလှည့်တဲ့နည်းနဲ့ လူထုကို အနီးကပ်လက်နက်ပြ ခြိမ်းခြောက်နေပါတယ်။ အဲဒီလို အနီးကပ်လက်နက်နဲ့ ခြိမ်းခြောက်ခံနေရတဲ့ ပြည်သူတွေဟာ လူထုတိုက်ပွဲဆင်နွှဲနိုင်ဖို့ လောလောဆယ် ဖြစ်နိုင်ပါမလား။**

နအဖစစ်အုပ်စုဟာ လူထုတိုက်ပွဲဖြစ်လာမှာကို အတော့်ကို ကြောက်လန့်နေပါတယ်၊

လူထုတိုက်ပွဲတွေ မပေါ်ပေါက်လာရေးအတွက် ဟိုနားကပိတ်၊ ဒီနားကဆို့ ဆိုတာမျိုးတွေ သူလျှောက်လုပ်နေတယ်၊ ပိုင်ရှင်မဲ့ဖုံးတွေ သူကိုယ်တိုင်ခွဲနေတယ်၊ အစောင့်အကြပ်တွေ၊ လုံခြုံရေးတွေ တိုးချထားတယ်၊ စွမ်းအားရှင်တို့၊ ကြံ့ဖွံ့တို့၊ အမျိုးသမီးရေးရာအဖွဲ့တို့ဆိုတဲ့ သတင်းပေးတွေ၊ လူရမ်းကားတွေနဲ့ အတင်းပိုက်စိပ်တိုက်နေတယ်။

ပုံစံ(၁၀) အိမ်ထောင်စုဇယားကို အိမ်ရှေ့မှာချိတ်ပြီး ဓါတ်ပုံနှင့်တကွ ဖေါ်ပြရမယ်ဆိုတာမျိုးတွေအထိ လုပ်နေတယ်၊ ကျောင်းတွေမှာ၊ တက္ကသိုလ်တွေမှာ၊ ဆရာဆရာမတွေ ကိုယ်တိုင်ကို သတင်းပေးအဖြစ်၊ လုံခြုံရေးအဖြစ် မညှာမတာ တာဝန်ပေးထားတယ်။

ဒါတွေဟာ အဖြေမှ မဟုတ်တာဘဲ။

လူထုကြီးရင်ဆိုင်ကြုံတွေ့နေတဲ့ အခက်အခဲကို ဖြေရှင်းမပေးဘူး၊ လူထုကြီးရဲ့ ဆန္ဒအစစ်အမှန်ကို ချောင်ထိုးထားပြီး အပြီးအပိုင်ဖျက်သိမ်းပစ်ဖို့အထိ လုပ်ဆောင်နေတယ်၊ ကျောင်းသားလည်း ကျောင်းသားအလျောက်၊ ဝန်ထမ်းလည်း ဝန်ထမ်းအလျောက်၊ လယ်သမားလည်း လယ်သမားအလျောက်၊ အလုပ်သမားလည်း အလုပ်သမားအလျောက်၊ နောက်ဆုံးသိန်းထောင်ချီ ရင်းနှီးထားတဲ့ စီးပွားရေး လုပ်ငန်းရှင်ကြီးများသည်ပင်လျှင် အခွင့်အရေးတွေ ကင်းမဲ့နေတယ်၊ ဘာ အနာဂတ် မှမရှိဘူး၊ ဒီလိုအနေအထားမှာ လူထုလှုပ်ရှားမှု မဖြစ်ပါနဲ့လို့ ဘာနဲ့ သွားတားမလဲ။

လူထုတွေကို လက်နက်နဲ့ခြောက်လို့၊ တားလို့ရတယ်ဆိုတာ အကန့်အသတ်ရှိပါတယ်။ အဲဒီအကန့်အသတ်စည်းကို ကျော်လာပြီဆိုရင် လူထုဟာ ထောင်ကျမှာလည်း မကြောက်တော့ဘူး၊ သေမှာကိုလည်း မကြောက်တော့ဘူး။ ကျနော်တို့လူထုမှာ ဒီကိစ္စတွေအတွက် ပြသခဲ့တဲ့ သက်သေတွေ၊ လက်တွေ့တွေဟာ မရေတွက်နိုင်တော့ဘူး။

**(၅) ရန်သူ စစ်အုပ်စုကို FDB အနေနဲ့ ဘယ်လိုအကဲဖြတ်ထားတယ်ဆိုတာ သိပါရစေ။**

နအဖစစ်အုပ်စုဟာ အပြိုပြို အကွဲကွဲပဲ၊ အုပ်စုဖွဲ့မှု၊ ဂိုဏ်းဖွဲ့မှု၊ ဆရာမွေး၊ တပည့်မွေးမှုတွေ ခြေဆုံးခေါင်းဆုံးရှိတယ်။ ဒါကြောင့်လည်း ဗိုလ်စောမောင် ရုတ်တရက်ပျောက်သွားတာ၊ ဗိုလ်ကျော်ဘတို့၊ ဗိုလ်ထွန်းကြည်တို့ ဗိုလ်ချုပ်ကြီး တွေ(တကယ့်စီနီယာကြီးတွေချည့်) ၁၄ ယောက် အဖယ်ရှားခံရတာ၊ ဗိုလ်တင်ဦးအုပ်စု လုပ်ကြံသတ်ဖြတ်ခံရတာ၊ ဗိုလ်ခင်ညွန့်အရေးယူခံရတာ၊ တိုင်းမှူးတွေ ဖြုတ်လိုက်၊ ဝန်ကြီးတွေ ဖြုတ်လိုက်၊ တိုင်းမှူးတွေ၊ စစ်ဒေသမှူးတွေ၊ တောင်ရွှေ့လိုက် မြောက်ရွှေ့လိုက်နဲ့ ဒီနေ့ထက်ထိ အိမ်မြဲမရ၊ အထိုင်မကျဖြစ်နေတာ၊ ဒါတွေဟာ နအဖစစ်အုပ်စုရဲ့ လက်ငင်းအခြေနေတွေဘဲ။

တဦးချင်းအကျိုးစီးပွားပေါ်မှာ ဘနဖူးသိုက်တူးတဲ့ ပေါ်လစီအပြည့်ရှိတယ်၊ ဦးသူအနိုင်ယူရေးဘဲ၊ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေးကို ကျားကုပ်ကျားခဲ ဖက်တွယ်ဖို့ကျတော့ အားလုံးလာပြီးညီညွတ်တယ်၊ သူတို့အားလုံး ပြိုင်တူကိုင်ထားတဲ့ အရာကတော့ လမ်းပြမြေပုံ (၇)ချက်ပဲ။

ဒီလမ်းပြမြေပုံ(၇)ချက်က သူတို့ကို၊ စစ်အကျိုးစီးပွားကို၊ စစ်အာဏာရှင်စနစ်တည်မြဲရေးကို အာမခံနိုင်တယ်လို့ သူတို့အားလုံး ယုံကြည်ထားကြပုံရတယ်၊ စစ်အာဏာခိုင်မြဲစေဖို့အတွက် ဘာကိုမဆို တက်နင်းချေမွပစ်ဖို့ ဝန်မလေးဘူးဆိုတဲ့ အတန်းအစားထဲကပဲ။

**(၆) နအဖစစ်တပ်အတွင်းမှာ အကျိုးစီပွား မညီမျှမှုဟာ သိပ်ကိုကွာခြားနေတဲ့အတွက် အောက်ခြေစစ်သားအများစုဟာလဲ အပြောင်းအလဲကို လိုလားကြပါတယ်။ သူတို့အောက်ခြေအဆင့်တွေကို ညှာတာထောက်ထားစာနာနိုင်မဲ့ ဗိုလ်ချုပ်တဦးဦးက လက်ရှိစစ်အုပ်စုကို အာဏာသိမ်းတာမျိုးပေ့ါ။ ဒီလို အခြေအနေဟာ ဗမာပြည်မှာ ဖြစ်လာနိုင်စရာရှိသလား။ ဖြစ်လာနိုင်တယ်ဆိုရင်လည်း အဲဒါဟာ ကိစ္စဆိုး ဖြစ်မလား၊ ကိစ္စကောင်း ဖြစ်လာနိုင်မလား။**

တိုင်းပြည်နှင့် လူထုရဲ့ အကျိုးကို မျက်နှာမူချင်တဲ့

တပ်မတော်ကို ဂုဏ်သိက္ခာရှိရှိ တပ်မတော်အဖြစ်ရပ်တည်စေချင်တဲ့

တပ်မတော်ကို ဗိုလ်ချုပ်တို့လက်ထက်ကလို လူထုကချစ်တဲ့၊ လူထုကို အလုပ်အကျွေးပြုတဲ့ တပ်မတော်အဖြစ်တည်ဆောက်ချင်တဲ့

တပ်မှူးတပ်သားတွေ တပ်ထဲမှာ အမှန်ရှိလိမ့်မယ်လို့ ကျနော်တို့ ယုံကြည်ပါတယ်။ ဒါပေမယ့် လက်ငင်းအခြေနေမှာ ဗိုလ်ချုပ်တဦးဦးက လက်ရှိစစ်အုပ်စုကို အာဏာသိမ်းလိုက်တာမျိုး ချက်ချင်းလွယ်မယ်မထင်ဘူး။

အခု NLD နှင့်ဒေါ်စုရဲ့ အခြေနေဟာ ၁၉၈၆ ခုနှစ်က ဖိလစ်ပိုင်ရွေးကောက်ပွဲအပြီး ကိုရာဇန်အကွီနို ရောက်ရှိနေတဲ့ အနေအထားမျိုးပဲ။ ဒါပေမယ့် ကျနော်တို့ဆီမှာ ဖိလစ်ပိုင်မှာလို ရာမိုစ်လို ဗိုလ်ချုပ်ကြီးတယောက်မပေါ်လာသေးဘူး၊ ဗိုလ်သန်းရွှေ ဗိုလ်မောင်အေးတို့ဟာ မားကိုစ်ထက်ပိုပြီး အကွက်စေ့နေလို့လည်း ဖြစ်နိုင်တယ်၊ နောက်တခုကတော့ ထပ်တူမဖြစ်နိုင်တဲ့ ထူးခြားတဲ့အခြေနေတွေ ကြောင့်လည်းဖြစ်နိုင်တယ်၊ ဒါပေမယ့် လက်တွေ့မှာ လူထုတိုက်ပွဲတွေ ပေါက်ကွဲ ပြင်းထန်လာပြီဆိုတဲ့နေ့မှာ ... အခြေအနေသစ်တွေ ဖြစ်ပေါ်လာနိုင်ပါတယ်။

**နောက်မေးခွန်းတခု**

**ဗိုလ်ချုပ်တဦးဦးက အာဏာသိမ်းရင် အဲဒီကိစ္စဟာ ကိစ္စကောင်းလား၊ ကိစ္စ ဆိုးလား။**

အဲဒါကတော့ ရှင်းပါတယ်၊ လူထုအကျိုးတိုင်းပြည်အကျိုး၊ တပ်မတော်ရဲ့ သမိုင်းတန်ဖိုးနဲ့ ဂုဏ်သိက္ခာအကျိုးအတွက် အာဏာသိမ်းတာမျိုး၊ ဒါမှမဟုတ် ကျနော်တို့ ဒီမိုကရေစီအင်အားစုများနှင့် လက်တွဲလာတာမျိုးဆိုရင်တော့ ဒါဟာ ကိစ္စကောင်းပါ။

အဲဒါမျိုးမဟုတ်ပဲ သူတို့အချင်းချင်း အဝေမတည့်လို့ ဦးသူကအုပ်စုဖွဲ့ပြီး အာဏာသိမ်းတာမျိုးဆိုရင်တော့ နာမည်ပြောင်းသွားတာကလွဲရင် ဘာအကျိုးမှ ထူးလာမှာမဟုတ်ပါဘူး။

ပိုပြီးရှုးသွပ်၊ ပိုပြီးခေါင်းမာတဲ့ဂိုဏ်းက အခုလို ဘက်ပေါင်းစုံ ဖိနှိပ်ရမ်းကားနေတဲ့အခြေအနေကိုတောင် အားမရသေးလို့ အာဏာလုပြီး တက်လာတာဆိုရင်တော့ ပိုလို့ဆိုးလာပြီပေ့ါ။ သေချာပေါက်ကိစ္စဆိုးပဲ။

**(၇) လက်ရှိအခြေအနေမှာ စစ်တပ်အောက်ခြေကလဲ မကျေမနပ်ဖြစ်နေတယ်။ ပြည်သူ၊ ကျောင်းသား၊ ရဟန်းအားလုံးကလဲ မကျေနပ်ဘူး၊ အကယ်၍ လူထုလှုပ်ရှားမှုဖြစ်လာခဲ့ရင် ခေါင်းဆောင်မှုအပိုင်းကို ဘယ်လိုများမြင်ပါသလဲ။**

လူထုလှုပ်ရှားမှုဟာ အချိန်မရွေးဖြစ်လာနိုင်တယ်။

ဒီအချိန်မှာ ရှစ်ဆယ့်ရှစ်ကကဲ့သို့ ခေါင်းဆောင်မှုမပြည့်စုံတဲ့ အခြေနေမျိုး ကျနော်တို့ ဖြစ်ဦးမလား၊ တချို့တွေးပူကြတာ ရှိတယ်။

ကျနော်တို့အနေနဲ့ဆိုရင် ဒါကို နည်းနည်းလေးမှ မပူမိဘူး၊ ဘာကြောင့်လဲဆိုရင် ...

နံပတ်(၁)က ကျနော်တို့မှာ လူထု Mendate ရ အနိုင်ရပါတီတွေရှိတယ်၊ လူထုခေါင်းဆောင်ရှိတယ်။ လူထုက ယုံကြည်စွာ တခဲနက် မဲပေးထားတဲ့ (၉၀)ရွေးကောက်ပွဲရလဒ်ရှိတယ်။ (၁၈)နှစ်တာ လက်တွေ့က သင်ကြားဖြည့်ဆည်းပေးထားတဲ့ မျိုးဆက်သစ်တွေ ရှိတယ်။ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ လှုပ်ရှားနေတဲ့ မြင်ရတဲ့/မမြင်ရတဲ့ နိုင်ငံရေးအင်အားစုတွေ ရှိတယ်။ အတွေ့အကြုံနဲ့ သံခဲတင်ထားတဲ့ လူမျိုးပေါင်းစုံလူထု ရှိတယ်၊ အနှစ်သာရအရ စုစည်းထားတဲ့ အမျိုးသားနိုင်ငံရေး တပ်ပေါင်းစုတွေ ရှိတယ်။ လက်နက်ကိုင်ထားသူရော/လက်နက်မကိုင် ထားသူရော၊ အပစ်အခတ်ရပ်ထားသူရော/အပစ်အခတ်မရပ်ထားသူရော အင်အားစုအသီးသီးတို့ရဲ့ ဘုံတူညီချက်တွေ ရှိတယ်။

ဒါတွေရဲ့ အောက်မှာ၊ ဒီအခြေနေတွေရဲ့ အောက်မှာ ကျနော်တို့ဘယ်လိုမှ ခေါင်းဆောင်မှု မမဲ့နိုင်ဘူး၊ ခေါင်းဆောင်ဟာ တိုက်ပွဲလိုအပ်ချက်အရ တိုက်ပွဲထဲမှာ အထင်အရှားပေါ်ပေါက်လာမှာပါ။

**(၈) လူထုတိုက်ပွဲ၊ လူထုလှုပ်ရှားမှုဟာ FDB ရဲ့ မဟာဗျူဟာ ရည်မှန်းချက်လား။ သမိုင်းအတွေ့အကြုံအရဆိုရင် လူထုတိုက်ပွဲ၊ လူထုလှုပ်ရှားမှုတွေဟာ အဆုံးသတ်အောင်ပွဲဆီသွားဖို့ နောက်ထပ်အဆင့်တွေ ရှိနေပါသေးတယ်။ ဥပမာ လက်နက်ကိုင်တော်လှန်ရေး။ အဲဒီလို ဖြစ်လာနိုင်တဲ့ နောက်ထပ်အဆင့်တွေနဲ့ပတ်သက်ပြီး FDB ကမျှော်မှန်းထားတာ တခုခုရှိသလား။ ရှိခဲ့ရင် ဘယ်လို ပြင်ဆင်ထားတယ်ဆိုတာ သိချင်ပါတယ်။**

နအဖလို အလွန်ခေါင်းမာပြီး အလွန်ရက်စက်ရမ်းကားတဲ့ စစ်အုပ်စုကို ဖယ်ရှားဖျက်သိမ်းပြီး ဒီမိုကရေစီခေတ်သစ်တရပ်ကို တည်ဆောက်ဖို့ဆိုရင် ကျနော်တို့မှာ တိုက်ပွဲသဏ္ဍာန်တွေ အမျိုးမျိုးရှိဖို့ လိုအပ်ပါတယ်၊

(၁) လူထုတိုက်ပွဲ၊ လူထုလှုပ်ရှားမှုတွေလိုမယ်၊

(၂) လက်နက်ကိုင်တော်လှန်ရေးတွေလိုမယ်၊

(၃) နိုင်ငံတကာဖိအားနဲ့ နိုင်ငံတကာ စာနာဝန်းရံမှုကို ရရှိဖို့အတွက် သံခင်းတမန်ခင်း နည်းနာတွေလိုမယ်၊

ဒါတွေအားလုံးကို ကျနော်တို့ FDB တခုတည်းက လုံးဝတာဝန်ကျေအောင် ဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ စိတ်ကူးမယဉ်သင့်ဘူး။ ပြောရရင် စိတ်ကြီးမဝင်သင့်ဘူး၊ ဒါကို ကျနော်တို့ အလေးအနက်မြင်တယ်။

ဒါကြောင့် ကျနော်တို့ဟာ အင်အားစုအသီးသီးကြားမှာ ညှိနှိုင်းတာ၊ အမြင်ဖလှယ်တာ၊ စုဆုံချက်တခုကို ရှာဖွေတာ၊ အဲဒီကနေ ဘုံလုပ်ငန်းစဉ်တခုကို ချမှတ်တာ၊ စတာတွေကို ရည်ရွယ်ချက်တူ လုပ်ငန်းတူတဲ့ ဘယ်သူနဲ့မဆို၊ ဘယ်အဖွဲ့အစည်းနဲ့မဆို လက်တွဲဆောင်ရွက် ဖို့အစီအစဉ်ရှိပါတယ်။

# အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)နှင့် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု တွေ့ဆုံ



အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)၏ ဒေသအသီးသီးရှိ နိုင်ငံရေးအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများနှင့် တွေ့ဆုံဆွေးနွေးသည့် စည်းရုံးရေးခရီးစဉ်တွင် ၂၀၀၆ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့ နံနက် (၁၀)နာရီအချိန်၌ အက်ဖ်ဒီဘီရုံးတွင် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ကြပါသည်။ ထိုတွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB) မှ သဘာပတိအဖွဲ့ဝင်များဖြစ်သည့် နော်ခိုင်မာကျော်ဇော၊ နန်းဆိုင်နှောင်း၊ အထွေထွေအတွင်းရေးမှူး ဒေါ်နန်းယဉ်၊ တွဲဘက်အတွင်းရေးမှူး နော်စန္ဒာဝင်းတို့ပါဝင်ပြီး မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုမှ အတွင်းရေးမှူးချုပ် ကိုနိုင်အောင်နှင့် ဒုတိယအတွင်းရေးမှူးချုပ်များ၊ နိုင်ငံခြားရေးကော်မတီ အတွင်းရေးမှူးများ၊ သတင်းနှင့် ပြန်ကြားရေးကော်မတီ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင်များ တက်ရောက်ပြီး တွေ့ဆုံဆွေးနွေးပြီး နှီးနှော ဖလှယ်ခဲ့ကြပါသည်။

ထိုတွေ့ဆုံပွဲတွင် အမျိုးသမီးများအဖွဲ့ချုပ်မှ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ စသည်တို့ကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုများမှလည်း အမျိုးသမီးများအဖွဲ့ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုထောက်ခံကြောင်း၊ မြန်မာနိုင်ငံလူ့အဖွဲ့အစည်း၏ အနာဂတ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍအတွက်၊ တိုင်းပြည်၏ ငြိမ်းချမ်းရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ စစ်အာဏာရှင်စနစ် ဖျက်သိမ်းပြီး စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် အမျိုးသမီးများအဖွဲ့ချုပ်နှင့်အတူ မိမိတို့အနေဖြင့်လည်း အတူတကွလက်တွဲပြီး ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ရင်းနှီးပွင့်လင်းစွာ ပြောဆိုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)မှ ၂၀၀၆ ခုနှစ် ဇူလိုင်လတွင် ထုတ်ဝေခဲ့သော **“ကျားမတန်းတူရေးအပေါ် သဘောထားရပ်တည်ချက်”** စာအုပ်အား လက်ဆောင်အဖြစ် ဖြန့်ဝေပေးအပ်ပြီး၊ ထိုစာအုပ်ပါ အကြောင်းအရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သလို မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုမှ ၎င်းတို့အပေါ် ပြန်လည်ဆွေးနွေး အကြံပြုချက်များကိုလည်း ရယူခဲ့ကြပါသည်။

■ ■ ■ ■

ကျနော်တို့ရဲ့ (၂)နှစ်တာကို ပြန်ကြည့်ရင်လည်း ကျနော်တို့ တစုံတရာပြင်ဆင်လုပ်ကိုင်နိုင်ခဲ့တယ်လို့ သုံးသပ်မိပါတယ်။ အခုလည်းပဲ ကျနော်တို့ရဲ့ ပထမအကြိမ်ညီလာခံမှာ ကျနော်တို့ရဲ့ အားကောင်းချက်၊ အားနည်းချက်တွေကို အသေအချာခွဲခြမ်းစိတ်ဖြာပြီး လက်တွေ့လိုအပ်ချက်နဲ့လည်း ကိုက်ညီတဲ့ မဟာဗျူဟာလုပ်ငန်းစဉ်ရည်မှန်းချက် (၄)ရပ်ကို အခုလို ချမှတ်နိုင်ခဲ့ကြပါတယ်။

(၁) မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအား ကျစ်လစ်ခိုင်မာပြီး စွမ်းဆောင်ရည်မြင့်သော နိုင်ငံရေးအင်အားစုတစ်ရပ်အဖြစ် စုစည်းတည်ဆောက်သွားရန်။

(၂) ဒီမိုကရေစီတိုက်ပွဲဝင် အင်အားစုများအတွင်း မဟာဗျူဟာညှိနှိုင်း ဆက်စပ်လုပ်ဆောင်မှုများ ဆောင်ရွက်သွားရန်။

(၃) လူထုတိုက်ပွဲများပေါ်ပေါက်လာရေးအတွက် ဦးတည်ကြိုးပမ်းသွားရန်။

(၄) ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဝန်းအဝိုင်းမှ ဟန်ချက်ညီ စုပေါင်းအားထုတ်မှုများဖြင့် မြန်မာပြည်အရေး၌ ထိထိရောက်ရောက် ပါဝင်ဖြေရှင်းလာစေရေးအတွက် ကြိုးပမ်းသွားရန်။

**(၉) FDB အနေနဲ့ ၄ရင်ပြင်ပရိသတ်ကို တခုခုပြောလိုတာရှိသေးတယ်ဆိုရင် ပြောပေးပါ။**

တခုက အခုလို ၄ရင်ပြင်ကတဆင့် လူထုကို၊ မိမိရဲ့ မဟာမိတ် လုပ်ဖော်ကိုင်ဖက်များကို ကျနော်တို့ အမြင်တွေကို အသိပေးခွင့်၊ ဖေါ်ပြပြောဆိုခွင့် ဖန်တီးပေးတဲ့ ၄ရင်ပြင်ကို ကျေးဇူးတင်ပါတယ်။

၄ရင်ပြင်ရဲ့ တည်ရှိပေါ်ပေါက်လာမှုနဲ့ ရပ်တည်ချက်ကို ကျနော့်အနေနဲ့ ကြိုဆိုတယ်။ ၄ရင်ပြင်ရဲ့ ပရိတ်သတ်ကို အဓိကပြောချင်တာကတော့ ...

ကျနော်တို့မှာ အချိန်သိပ်မရှိတော့ဘူး၊

ကျနော်တို့ နှေးနေရင် သို့မဟုတ် ကျနော်တို့ အဆင်သင့်ဖြစ်မှု နည်းနေရင် နအဖရဲ့ ခြေလှမ်းတွေကို မကျော်နိုင်ဖြစ်လိမ့်မယ်။

ဒီအတွက် ကျနော်တို့ အရှိန်မြှင့်ကြရလိမ့်မယ်၊

နောက်တခုက ကျနော်တို့မှာ ရွေးချယ်စရာ သိပ်မရှိတော့ဘူး၊ ကိုယ်ကိုယ်တိုင်ကလည်း အမြင်တွေကြည်လင်ရှင်းပြတ်နေဖို့ လိုသလို လူထုကို message ပေးတဲ့ နေရာမှာလည်း တိကျပြတ်သားဖို့လိုမယ်။

ခပ်ဝါးဝါးလုပ်နေလို့ မသင့်တော်ဘူး။

တောင်လိုလို၊ မြောက်လိုလို၊

ဟိုမျှော်သလိုလို၊ ဒီမျှော်သလိုလို အတွေးခေါ်မျိုးနဲ့ မရှုပ်ထွေးနေသင့်ဘူး၊ လူထုရဲ့ မကုန်ခမ်းနိုင်တဲ့ တီထွင်ဖန်တီးနိုင်စွမ်းတွေကို အစွမ်းကုန် ဘယ်လိုမြှင့်ကြမလဲ၊ အဲဒီစွမ်းပကားတွေကို ဘယ်လိုအရယူကြမလဲ၊ လူထုနဲ့အတူ ဘယ်လိုချီတက်ကြမလဲ ဆိုတာတွေကို အဓိက ဖွဲ့နှစ်ပြီး ကြိုးစားကြဖို့ ဘယ်သူမဆိုကို ဒီနေ့ကာလကြီးက အထူးတလည် တောင်းဆိုနေပြီလို့ ကျနော်ပြောချင်ပါတယ်။

**ကိုငွေလင်း**
**ဒုတိယအတွင်းရေးမှူးချုပ်**
**မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB)**
၂၃–ရက်နေ့ ဩဂုတ်လ ၂၀၀၆။

# အာဆီယံက မြန်မာကို ဆက်အကာအကွယ်ပေးဖို့ မဖြစ်နိုင်

## ဘာသာပြန် – တိုး

(ဇူလိုင် ၂၄ ရက်နေ့ထုတ် Wall Street Journal တွင် မလေးရှား နိုင်ငံခြားရေးဝန်ကြီး Syed Hamid Albar ရေးသားသည့် ဆောင်းပါးကို မြန်မာ လို ဘာသာပြန်သည်။ – သားညွန့်ဦး)

အခုလာမယ့် ရက်သီတင်းပတ် ကွာလာလမ်ပူမှာ ကျင်းပဖို့ရှိတဲ့ အရှေ့တောင်အာရှနိုင်ငံများအသင်း – အာဆီယံ (ASEAN) နိုင်ငံခြားရေး ဝန်ကြီးများအစည်းအဝေးနဲ့ ဒေသဆိုင်ရာဆွေးနွေးပွဲမှာ အိမ်ရှင်အဖြစ် လက်ခံ ကျင်းပမယ့် မလေးရှားနိုင်ငံအနေနဲ့ သံတမန်ရေးအရ အခြေခံမှုနဲ့ အရေးတကြီး လိုအပ်ချက်တွေကို ထိန်းညှိပြီး သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်ရမယ့် အခြေအနေရှိပါ တယ်။ အထူးသဖြင့် မြန်မာနိုင်ငံတွင်းက စီးပွားရေးနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု တွေအကြောင်း ဆွေးနွေးကြတဲ့အခါမှာပါ။

မြန်မာစစ်အစိုးရဟာ အာဆီယံနဲ့ ပူးပေါင်းဆောင်ရွက်မှု မလုပ်တာ ကြောင့် ဒါ့အပြင် သူ့နိုင်ငံတွင်း စီးပွားရေးနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေမှာ သိသာထင်ရှားတဲ့ တိုးတက်မှုတွေ မလုပ်နိုင်တာကြောင့် အာဆီယံကနေ ဘယ် လိုနည်းနဲ့မှ သူ့ကို ဆက်ပြီး အကာအကွယ်ပေးလို့မရတဲ့ အခြေဆိုက်လာပါတယ်။ အာဆီယံအနေနဲ့ အခုလို လက်လျှော့လိုက်တာဟာ မြန်မာနိုင်ငံအပေါ် ဖိအား တွေ၊ ဝေဖန်မှုတွေကို ဖွင့်ပေးလိုက်သလိုဖြစ်နိုင်ပါတယ်။ မြန်မာနိုင်ငံကို ဖိအား ပေးဖို့ရာ အာဆီယံတနိုင်ငံချင်းကလည်း အခြားနိုင်ငံတကာနဲ့အတူ တက်တက် ကြွကြွ လုပ်လာဖွယ်ရှိပါတယ်။ သည်လိုအခြေအနေရောက်လာတာဟာ အာဆီယံအပေါ်ထားတဲ့ မြန်မာနိုင်ငံရဲ့ သဘောထားကြောင့်ဖြစ်တယ်လို့ပဲ ... မြန်မာစစ်အစိုးရအနေနဲ့ ကိုယ့်ကိုကိုယ် အပြစ်တင်ရပါလိမ့်မယ်။

အာဆီယံနဲ့ပူးပေါင်းဆောင်ရွက်ဖို့ အရေးကြီးတယ်ဆိုတာ မြန်မာ စစ်အစိုးရကို ကျနော်တို့ ပြောခဲ့ဖူးပါတယ်။ နိုင်ငံတကာအနေနဲ့ မြန်မာနိုင်ငံ အပေါ် စိတ်မရှည်နိုင်တော့ပဲ အရေးယူမှုတွေ လုပ်လာမယ့် အခြေအနေအောက် မှာ သူ့အတွက် အကောင်းဆုံးမျှော်လင့်ချက်အနေနဲ့ ကျနော်တို့ ရပ်တည်ပေးခဲ့ ပါတယ်။ ဒါပေမယ့်လည်း မြန်မာဖက်က ကျနော်တို့ရဲ့ စိတ်စေတနာကောင်း တွေ စိုးရိမ်ကြောင့်ကြမှုတွေကို တမင်ဂရုမစိုက်နေပုံ ပေါ်နေပါတယ်။

၁၉၉၇ ခုနှစ် မြန်မာနိုင်ငံ အာဆီယံအသင်းဝင်ဖြစ်ကတည်းက မြန်မာနိုင်ငံမှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွေဖြစ်ဖို့ အာဆီယံက ကြိုးစားပါ တယ်။ တချိန်တည်းမှာပဲ မြန်မာနိုင်ငံအပေါ် ဝေဖန်ပြောဆိုမှုတွေအပေါ် မြန်မာ နိုင်ငံအတူ ရပ်တည်ပေးပါတယ်။ နိုင်ငံရေးအသွင်ကူးပြောင်းမှုအတွက် မြန်မာစစ် အစိုးရအနေနဲ့ တဆင့်ချင်း လုပ်နေတယ်လို့ ကျနော်တို့ အာမခံပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း စီးပွားရေးနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေအတွက် သူတို့ရဲ့ နိုင်ငံရေးလမ်းညွှန်မြေပုံ ဘယ်လောက်အလုပ်ဖြစ်သလဲဆိုတာ အာဆီယံကိုရော နိုင်ငံတကာကိုပါ ယုံကြည်လာအောင် မလုပ်နိုင်တဲ့အခါကျတော့ ကျနော်တို့ ဖက်က ပြောဆိုကာကွယ်ပေးတာတွေ အလကား ဖြစ်ကုန်ပါတယ်။ ဒါ့ကြောင့် လည်း မြန်မာနိုင်ငံကြောင့် အာဆီယံရဲ့ သိက္ခာနဲ့ အများက ယုံကြည်လေးစားမှု ကို ထိခိုက်မှာကို အာဆီယံအဖွဲ့ဝင်အများစုအကြားမှာ တကယ့်ကို စိုးရိမ်လာ ကြပါတယ်။

အာရှပစိဖိတ်စီးပွားရေးပူးပေါင်းမှုဆိုင်ရာ အစည်းအဝေးတွေ၊ အာရှ ဥရောပထိပ်သီးဆွေးနွေးပွဲတွေမှာတောင် အစည်းအဝေးထဲမှာ မြန်မာပါရေး မပါရေးကိစ္စတွေဟာ အမြဲတမ်းလိုလို ရှုပ်ထွေးစရာဖြစ်နေပါတယ်။ အာဆီယံနဲ့ အခြားဒေသတွေ၊ နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေမှာ မြန်မာ နိုင်ငံဟာ အာဆီယံကို ပြန်ပေးဆွဲထားသလိုမျိုး အာဆီယံအသင်းဝင်တွေအကြား ခံစားချက်ဖြစ်နေပါတယ်။ သည်လိုပြဿနာတွေနဲ့ ရှုပ်ထွေးမှုတွေကြားကပဲ အာဆီယံဟာ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ မျှော်လင့်ချက်ကို လက်မလျှော့ခဲ့ပါဘူး။

ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၁၁ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်း အဝေးကနေ ကျနော်တို့ မြန်မာနိုင်ငံ သွားရောက်ဖို့ တာဝန်ပေးခဲ့ပါတယ်။ မတ်လအတွင်းက သွားခဲ့တဲ့ ကျနော်ရဲ့ မြန်မာပြည်ခရီးစဉ်အတွင်း ကျနော်ရဲ့ မျှော်လင့်ချက်ရော အာဆီယံရဲ့ မျှော်လင့်ချက်ပါ ဘာမှ ဖြစ်မလာခဲ့ပါဘူး။ ပူးပေါင်းဆောင်ရွက်လိုစိတ်မရှိတဲ့ အသင်းဝင်နိုင်ငံတခုကို ကျနော်တို့ ကြိုးစား ကာကွယ်နေပေမယ့်၊ အာဆီယံအပေါ် ဖိအားတွေ၊ ဝေဖန်မှုတွေသာ တိုးလာခဲ့ ပါတယ်။

မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီတိုး တက်ဖြစ်ထွန်းမှုတွေကို တကယ့်ကို လုပ်ဆောင်နေတယ်ဆိုတာကို မြန်မာစစ် အစိုးရအနေနဲ့ အာဆီယံကိုရော၊ နိုင်ငံတကာကိုပါ သက်သေမပြနိုင်ခဲ့ပါဘူး။ ကိုယ့်ပြည်တွင်းရေးကိစ္စတွေကို မြန်မာတွေပဲ ကိုင်တွယ်ရမယ်လို့ ကျနော်တို့ ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့ အာဆီယံရဲ့ မေတ္တာရပ်ခံချက်ကို သူတို့ အလွယ်တကူလိုက်လျော ပေးလို့ ရပါတယ်။ တကယ့်ကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ မြန်မာ လူထုရဲ့ ထောက်ခံမှုကို အခိုင်အမာ ဆက်ပြီးရရှိနေပါတယ်။ စစ်အစိုးရက ပြော နေသလို မဟုတ်ပါဘူး။ စစ်အစိုးရအနေနဲ့ မြန်မာနိုင်ငံတွင်းမှာရှိတဲ့ နိုင်ငံရေး အစုအဖွဲ့တိုင်းနဲ့ ဆက်စပ်တွေ့ဆုံဆွေးနွေးတာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဩဇာသက်ရောက်မှုကို ချေဖျက်ဖို့ ကြိုးစားတဲ့ လုပ်ရပ်တိုင်း ဒါမှမဟုတ် ဒေါ်အောင်ဆန်းစုကြည်ကို ဆက်ပြီး ဖမ်းဆီးထိမ်းသိမ်း ထားတာဟာ မြန်မာစစ်အစိုးရအနေနဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေ လုပ်နေပါတယ်ဆိုတဲ့အပေါ် အများက ယုံကြည်လာဖို့ ခက်ခဲစေပါတယ်။

အာဆီယံအနေနဲ့ မြန်မာနိုင်ငံနဲ့ ထိစပ်ဆက်ဆံနေရသလိုပဲ၊ နိုင်ငံ တကာဖိအားတွေကို သတိပြုနေရပါတယ်။ မြန်မာနိုင်ငံအရေးကိစ္စ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ တရားဝင်ဆွေးနွေးဖို့ ဆောင်ရွက်ချက်တွေကို မြန်မာ့ အရေးအာဆီယံလွှတ်တော်အမတ်များအဖွဲ့ (AIPMC) က တရားဝင်ထောက် ခံထားပါတယ်။ သူတို့ဟာ ဒီမိုကရေစီနည်းကျ ရွေးခြယ်ခံထားရတဲ့ ဥပဒေပြု အမတ်တွေဖြစ်လေတော့ အာဆီယံအစိုးရတွေအနေနဲ့ သူတို့ရဲ့အသံကို ငြင်း ပယ်ဖို့ခက်ပါတယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ အာဆီယံရဲ့ ဆုံးဖြတ်ချက်ချတဲ့ လုပ်ငန်းစဉ်မှာ သူတို့ရဲ့အရေးပါမှုနဲ့ သူတို့ရဲ့သဘောဆန္ဒကို ကျနော်တို့ ငြင်း ပယ်မရပါဘူး။

မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုတွေ ဖြစ်လာဖို့ဆိုရင် ကျနော်တို့ချည်းပဲလည်း လုပ်လို့မရပါဘူး။ မြန်မာစစ်အစိုးရကို နားချဖြောင်းဖျဖို့ ရာ တရုတ်နဲ့ အိန္ဒိယတို့လို မြန်မာအိမ်နီးချင်းနိုင်ငံတွေကလည်း လုပ်နိုင်ပါတယ်။ ဒီနှစ်နိုင်ငံစလုံးဟာ မြန်မာစစ်အစိုးရအပေါ် နိုင်ငံရေးအရရော၊ စီးပွားရေးအရပါ ဩဇာသက်ရောက်သူတွေပါ။ မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုနဲ့ အမျိုးသားပြန် လည်သင့်မြတ်ရေးဖြစ်ပြီဆိုရင် အာဆီယံရော၊ တရုတ်ရော၊ အိန္ဒိယအတွက်ပါ အကျိုးဖြစ်ထွန်းစေမှာပါ။ သည်လိုသာ ပြောင်းလဲမှုတွေ ဖြစ်လာမယ်ဆိုရင်တော့ မြန်မာနိုင်ငံဟာ ပိုပြီးထိရောက်မယ့် စီးပွားရေးမိတ်ဖက် ဖြစ်လာပါမယ်။ ဒါ့အပြင် သဘာဝသယံဇာတပေါကြွယ်တဲ့ မြန်မာနိုင်ငံဟာ ဒေသရဲ့ဝန်ထုပ်မဟုတ်တော့ ပဲနဲ့၊ ဒေသရဲ့ အခြေခံကောင်းတခု ဖြစ်လာပါလိမ့်မယ်။

**ဆာရ်ဲ ဟာမစ် အယ်ဗာ**
**မလေးရှားနိုင်ငံခြားရေးဝန်ကြီး**

■ ■ ■ ■

# ကိုကိုအောင် မစိုးရိမ်နဲ့

တူမောင်ညို

ကိုကိုအောင်ရဲ့ "… မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာ" (The Voice Weekly ဂျာနယ်၊ အတွဲ ၂၊ အမှတ် ၄၅ ဩဂုတ်လ ၁၄၊ ၂၀၀၆၊ စာမျက်နှာ ၂၀)ကို ဖတ်ရလို့ အခုလို စာရေးရတာပဲ။

ဆရာစွမ်းရဲ့ ကဗျာကို ပြန်ဖော်ပြပေးတာကိုတော့ကျေးဇူးပါ။ ဒါပေမယ့် ခင်ဗျား ယိုးစွပ်နေတာတွေကိုတော့ လက်မခံနိုင်ပါဘူး။ လုံးဝသဘောမတူနိုင်ပါဘူး။

ဒီကနေ့ တိုင်းပြည်ကနေ ပြင်ပကို ထွက်ခွာနေကြတာဟာ အတော်ပဲ များပြားပါတယ်။ ဘယ်ကာလနဲ့မှမတူအောင် ထွက်ခွာနေကြရတာပါ။ တရားဝင် ထွက်ခွာကြသူရော၊ တရားမဝင် ထွက်ခွာကြသူရော၊ ရည်ရွယ်ချက်မျိုးစုံ ပုံစံမျိုးစုံနဲ့ ထွက်ခွာနေကြတာပါ။ တချို့က တကိုယ်ရည်တကာယ အကျိုးအတွက်၊ တချို့က စားဝတ်နေရေး၊ တချို့ကတော့ နေလို့မရတော့အောင် အဖက်ဖက်က ခြိမ်းခြောက် ဖိအားပေးနေလို့ စသဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စတဲ့ နောက်ခံအကြောင်းမျိုးစုံ ပြည်ပကို ထွက်ခွာနေကြရပါတယ်။ မလေးရှားကို ကြံ့ဖွံ့အဖွဲ့ဝင်တွေ၊ စစ်မှုထမ်းဟောင်းသားသမီးတွေ၊ ဆွေမျိုးညာတကာတွေ သွားတာမျိုးကတော့ ပုံစံတမျိုးပါ။

အရင်းခံအကြောင်းရင်းကတော့ စစ်အစိုးရရဲ့ ဖိနှိပ်ခြိမ်းခြောက်မှုပဲ ဖြစ်ပါတယ်။ ပြည်တွင်းမှာရှိတဲ့ သူတိုင်းဟာ ပြည်ပကို ထွက်မလား၊ ထောင်ထဲသွားမလားဆိုတဲ့လမ်း (၂)မျိုးပဲ ရှိပါတယ်။ ပြည်တွင်းမှာနေပြီး နိုင်ငံရေး၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့နယ်ပယ်ပေါင်းစုံမှာ ပါဝင်ဆောင်ရွက်တဲ့ မှန်သမျှဟာ တကြွေ့မဟုတ် တကြွေ့မှာတော့ စစ်အစိုးရနဲ့ ထိပ်တိုက်တွေ့ရာ ချည်းပါပဲ။ မတွေ့ချင်လို့ကိုမရပါဘူး။ ဒါက ဘာကြောင့်လည်း စစ်အစိုးရက နယ်ပယ် ပေါင်းစုံမှာ ဝင်ရောက်စွက်ဖက် ဖိနှိပ်လာနေလို့ပဲ ဖြစ်ပါတယ်။

တိုင်းချစ် ပြည်ချစ်စိတ်ရှိသူတိုင်း၊ တိုင်းပြည် ညီညွတ်ငြိမ်းချမ်း ဖွံ့ဖြိုးတိုးတက် စေလိုသူတိုင်းဟာ မည်သည့်နယ်ပယ်မှာ ဝင်ရောက်လှုပ်ရှားသည်ဖြစ်စေ (နအဖ) စစ်အစိုးရနဲ့ တကြွေ့မဟုတ် တကြွေ့မှာ ထိပ်တိုက်တွေ့ခဲ့တာချည်းပဲဖြစ်ပါတယ်။ ထိပ်တိုက်မတွေ့ လိုသူတွေ အဖို့ကတော့ '… အရှုံးပေးနှလုံးအေးတဲ့ဆေး' ဆိုသလို ငြိမ်ကုပ်နေရမှာပါပဲ။ အဲဒီလို ငြိမ်ကုပ်နေစေချင်တာက စစ်အစိုးရရဲ့ ရည်ရွယ်ချက်ပဲဖြစ်ပါတယ်။ ငြိမ်ကုပ်နေလို့ မရပါဘူး။ မတရားတဲ့ အမိန့်အာဏာ မှန်သမျှကို ဖီဆန်လို့ ပုန်ကန်ဖို့၊ တော်လှန်ဖို့ လိုအပ်ပါတယ်။ မစုစုနွေးလို၊ ရှေ့နေကြီး ဦးအေးမြင့်တို့လို သတ္တိခဲတွေလိုပါတယ်။

ဒါကြောင့် ပြည်တွင်းမှာနေတဲ့သူတွေအတွက်က ငုံ့ခံမလား၊ သတ္တိရှိရှိ ဆန့်ကျင်တွန်းလှန်မလားဆိုတဲ့ လမ်း ၂ လမ်း ရွေးဖို့ပဲ ရှိတာပါ။ သတ္တိရှိရှိတွန်း လှန်ဆန့်ကျင်တဲ့သူကို စစ်အစိုးရလုပ်နိုင်တာကတော့ ထောင်သွင်းအကျဉ်းချ တာပါပဲ။

ပြည်ပထွက်ခွာလာရသူကလည်း ရောက်တဲ့နေရာမှာ စစ်အစိုးရ ဆန့်ကျင်ရေးကို တတ်နိုင်သလောက် တတပ်တအား ပါဝင်ဆောင်ရွက်သူက အများစုဖြစ်ပါတယ်။

(နအဖ)စစ်အစိုးရပြောနေတဲ့၊ ရေးနေတဲ့ သတင်းစာတွေမှာ ကိုကိုအောင် တို့လို အမည်အမျိုးမျိုးခံပြီး ရေးနေတာတွေထဲမှာပါတဲ့ 'နယ်ချဲ့ဆန့်ကျင်ရေး၊ ခေတ်သစ်ကိုလိုနီဆန့်ကျင်ရေး' ဆိုတာတွေဟာ လိမ်ညာမှုတွေသာဖြစ်ပါတယ်။ ဟန်ဆောင်မှုတွေသာဖြစ်ပါတယ်။ 'ခေတ်သစ်ကိုလိုနီဝါဒ' ဆိုတာတွေကိုလည်း 'အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား' တို့ရဲ့ အမြော်အမြင်နဲ့ အနိုင် မတိုက်နိုင်ပါဘူး။

အထူးသဖြင့် အမျိုးသားသွေးစည်းညီညွတ်မှုပြိုကွဲနေတဲ့ ကျနော်တို့ တိုင်းပြည်မှာ အုပ်စိုးနေတဲ့ (နအဖ)စစ်အစိုးရဟာ နယ်ချဲ့ဆန့်ကျင်ရေးမလုပ်နိုင် ပါဘူး။ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ချင်ရင်၊ အမျိုးသားသွေးစည်းညီညွတ်မှုရှိဖို့ ကိစ္စ ဟာ အဆုံးဖြတ်အကျဆုံးအခန်းက ရှိပါတယ်။ ပြီးတော့ တိုင်းပြည်မှာရှိတဲ့ နိုင်ငံ ရေးအင်အားစုအသီးသီးပါဝင်တဲ့ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီးတရပ် ရှိရပါမယ်။ ပြီးတော့ တစည်းတလုံးထဲရှိတဲ့ လက်နက်ကိုင် တပ်မတော်တရပ်ရှိဖို့ လိုအပ်ပါတယ်။ မိမိတို့ကို စာနာထောက်ခံမယ့် ပြည်ပက မဟာမိတ်နိုင်ငံတွေ လိုအပ်ပါတယ်။ (နအဖ)စစ်အစိုးရမှာ အထက်ကတင်ပြခဲ့တာတွေ တခုမျှမရှိပါ ဘူး။

– အမျိုးသားစည်းလုံးညီညွတ်မှု မရှိပါဘူး။

– အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု မရှိပါဘူး။

– တစည်းတလုံးတည်းရှိတဲ့ တပ်မတော် မရှိပါဘူး။ (ဂိုဏ်းဂဏအုပ်စု တွေဖွဲ့ပြီး စီးပွားရေးစားကျက်လုနေတဲ့၊ သူ့ ငါဖြုတ်၊ ငါ့ သူဘယ်တော့ ဖြုတ်မလဲ စဉ်းစားနေတဲ့ အတွင်းကျိတ် ကြံစည်မှုတွေနဲ့ လုံးထွေးနေကြတာပါ။)

– ပြည်ပက စာနာထောက်ထားတဲ့ မဟာမိတ်လည်း မရှိပါဘူး။ (အာဆီယံ နိုင်ငံများပင် စိတ်ပျက်နေပါတယ်)

ဒီအချက်တွေနဲ့ ချိန်ထိုးကြည့်လိုက်တော့ (နအဖ)စစ်အစိုးရ 'နယ်ချဲ့ ဆန့်ကျင်ရေး' ဆိုတာဟာ ပါးစပ်ပြောသာဖြစ်နေတာ ထင်ရှားပါတယ်။ (နအဖ) စစ်အစိုးရကို ဆန့်ကျင်နေတဲ့ ပြည်တွင်းက အင်အားစုမှန်သမျှနဲ့ (နအဖ) ဆန့် ကျင်ရေးကို ထောက်ခံကူညီနေကြတဲ့ တိုင်းပြည်တွေကိုသာ (နအဖ)က စွက်ဖက် သူ/အားကိုးသူလို့ဆိုပြီး တံဆိပ်ကပ်စွပ်စွဲနေတာပဲဆိုတာ ထင်ရှားပါတယ်။

"ကိုယ့်နိုင်ငံ၊ ကိုယ့်တိုင်းရင်းသားလူမျိုးများ၊ ကိုယ့်စာပေယဉ်ကျေးမှု၊ ကိုယ့်ဘာသာသာသနာ မပျောက်မကွယ် မပျက်စီးရအောင် တွယ်ဖက်ပြီး ကာ ကွယ်စောင့်ရှောက်ချင်တဲ့စိတ်ဓါတ်မျိုး" တကယ်ရှိတယ်ဆိုရင်ဖြင့်၊ အမျိုးသား သွေးစည်းညီညွတ်ရေးရအောင် အရင်ပြန်လည်တည်ဆောက်ပါဦး။ တိုင်းပြည်မှာ ဖြစ်နေတဲ့ (၁၉၉၀)ပြည့်ရွေးကောက်ပွဲရလဒ်ကိစ္စတို့၊ တိုင်းရင်းသားအင်အားစု များနှင့် ရင်ဆိုင်နေရတဲ့ကိစ္စတွေကို ကျေလည်အောင်ဖြေရှင်းပါဦး။ ပြည်သူတွေရဲ့ စားဝတ်နေမှုကြီးမြင့်နေတဲ့ ပြဿနာတွေကို အရင်ဆုံး ဖြေရှင်းပါဦးလို့ပဲ ပြောပါ ရစေ။

ဒါတွေကို မလုပ်နိုင်ဘဲ၊ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့ရဲ့ (ပဒေသရာဇ်) အမြော်အမြင်နဲ့ ကြပ်ပြေးပြောင်းပြီး ခုခံမယ်ဆိုတဲ့ စဉ်းစားပုံမျိုးနဲ့ တော့ ထီးကျိုးစည်ပေါက်ရုံတင်ကမှာ မဟုတ်ဘဲ တိုင်းပြည်ပါပျောက် ပါလိမ့်မယ်။

ဒါကြောင့် ဆရာစွမ်းအတွက် မိကျောင်းမျက်ရည်ကျပြပြီး စိုးရိမ်မနေပါ နဲ့ ကိုကိုအောင်။

'ဆရာစွမ်း' တို့ 'ဆရာဂျမ်း' တို့ဆိုတာ ဆရာကြီးမှိုင်းရဲ့ တပည့်တွေပါ၊
အတုနဲ့ အစစ်ခွဲတတ်သူတွေပါ။
ပြည်သူ့ဘက်က ရပ်တည်မြဲပါ။

တူမောင်ညို
၂၀၀၆၊ ဩဂုတ်

■ ■ ■ ■

# ဖိုရမ်ဂျာနယ် စတင်ထုတ်ဝေ




မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ အာဘော် 'Forum ဂျာနယ်' အတွဲ ၁၊ အမှတ် ၁ ကို ၈.၈.၂၀၀၆ ရက်နေ့တွင် (၁၈)နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီ လူထုအရေးတော်ပုံနေ့အား အထိမ်းအမှတ်ပြုပြီး ထုတ်ဝေခဲ့ပါတယ်။

'Forum ဂျာနယ်'တွင် ကဗျာကဏ္ဍ၊ လူထုလှုပ်ရှားမှုကဏ္ဍ၊ နိုင်ငံတကာအမြင်ကဏ္ဍ၊ နိုင်ငံရေးအတွေးအမြင်ကဏ္ဍ၊ အမျိုးသမီးကဏ္ဍ၊ တပ်ကဏ္ဍ၊ အလုပ်သမားကဏ္ဍ၊ ဓါတ်ပုံဆောင်းပါးနှင့် FDB ၏လှုပ်ရှားမှုဓါတ်ပုံများ စသည်ဖြင့် ကဏ္ဍစုံအောင် ဝေဝေဆာဆာ ဖော်ပြထားပါတယ်။

ဒီဂျာနယ်ကို ရှစ်လေးလုံးအရေးတော်ပုံ အခမ်းအနားကို တက်ရောက်လာသော နိုင်ငံရေးအဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ရွှေ့ပြောင်းအလုပ်သမားများအား စတင်ဖြန့်ချိခဲ့ပြီး 'Forum ဂျာနယ်'ကို (၃)လတကြိမ် ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

ထိုနေ့မှာပဲ ... မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစုရဲ့ Website စာမျက်နှာကိုလည်း စတင်ဖွင့်လှစ်လိုက်တယ်လို့ သိရှိရပါတယ်။

# ပြည်တွင်းကျောင်းသားများ ရှစ်လေးလုံးနေ့ အထိမ်းအမှတ် ကျင်းပ



(၁၈) နှစ်မြောက် ရှစ်လေးလုံးနှစ်ပတ်လည်နေ့တွင် ပြည်တွင်းရှိ ၈၈ မျိုးဆက်ကျောင်းသားများက ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားဝင်းရှိ သပွံဘုန်းကြီးကျောင်းတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ကျင်းပခဲ့ကြပါသည်။

ထိုအခမ်းအနားသို့ နိုင်ငံခြားသံတမန်များ၊ အဲန်အယ်ဒီ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာပီပီ)အဖွဲ့ဝင်များ၊ အခြားနိုင်ငံရေးပါတီများ၊ အင်အားစုများ၊ မျိုးဆက်သစ်ကျောင်းသားများ၊ နိုင်ငံခြား သတင်းထောက်များအပါအဝင် လူအင်အား(၂၀၀၀) ကျော် တက်ရောက်ခဲ့ကြပါသည်။

အမေရိကန်၊ ဗြိတိန်၊ ကိုရီးယားနှင့် ဂျာမန်သံရုံးများမှ သံအရာရှိများလည်း တက်ရောက်ကြပါသည်။

ထိုအခမ်းအနားတွင် ရှစ်လေးလုံးအရေးတော်ပုံကြီးတွင် ကျဆုံးခဲ့ရသောပြည်သူများ၊ လုပ်ဖော်ကိုင်ဖက်များအတွက် သတိယအောင့်မေ့ခြင်းနှင့် အမျှအတန်းဝေရန် ပြုလုပ်ခြင်းဖြစ်ပြီး၊

"လုပ်ခွင့်ရတဲ့အချိန်မှာ လုပ်နိုင်သလောက်ကို အကောင်ဆုံးဖြစ်အောင် လုပ်ဆောင်ဖို့ ကျနော်တို့ ပြင်ဆင်နေပါတယ်၊ ထူးခြားတဲ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုတခုကို ချဉ်းကပ်ရန် ကြိုးစားနေပါတယ်ဆိုတာကို အသိပေးစေချင်ပါတယ်"ဟု ပြောကြားသွားပါသည်။

နယ်တွေက (၈၈) ကျောင်းသားဟောင်းတွေကလည်း၊ ကိုမင်းကိုနိုင်တို့ ပြုလုပ်တဲ့လုပ်ဆောင်မှုများအပေါ်တွင် တစိတ်ထဲတသားထဲရှိကြောင်း ဖေါ်ပြကြပြီး မကွေး၊ ပုသိမ်၊ မြင်းခြံ၊ ပဲခူး၊ စစ်တွေ စသည့် မြို့ကြီးများတွင်လည်း ရှစ်လေးလုံး အထိမ်းအမှတ်လှုပ်ရှားမှုများ ဖေါ်ဆောင်ကြပါသည်။

ယခင်အပတ်သတင်းလွှာများကို အောက်ပါအင်တာနက်စာမျက်နှာများတွင် ရယူဖတ်ရှုနိုင်ပါသည်
www.abfsu.net
www.absdf.net
www.dpns.org
www.yoma3.org

Forum for Democracy in Burma
PO Box 83, Mae Sod
Tak 63110
Thailand
Email: democraticforum@csloxinfo.com
Website: http://www.democraticforumburma.org.

# NCUB အဋ္ဌမအကြိမ်မြောက် ညီလာခံသို့ FDB ကိုယ်စားလှယ်များ တက်ရောက်




ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) ၏ အဋ္ဌမအကြိမ်မြောက်ညီလာခံကို ထိုင်း-မြန်မာနယ်စပ်တနေရာမှာ ဩဂုတ်လ (၁၄)ရက်နေ့မှ (၁၇)ရက်နေ့ထိ (၄)ရက်တိတိ ကျင်းပခဲ့ကြပါတယ်။

ဒီညီလာခံမှာ အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်(၆၆)ဦး၊ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)မှ လေ့လာသူ (၂)ဦး၊ နိုင်ငံတကာဧည့်သည်များမှ ကိုယ်စားလှယ်များ၊ လေ့လာသူများအပါအဝင် စုစုပေါင်း (၇၇) ဦး တက်ရောက်ကြပါတယ်။

FDB မှ တာဝန်ရှိသူများဟာ DAB (မြန်မာပြည် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်) အဖွဲ့ဝင်များဖြစ်သည့်အတွက် တပြိုင်နက်တည်းမှာ NCUB အဖွဲ့ဝင်အဖွဲ့အစည်းများလည်း ဖြစ်ကြပါတယ်။

ထို့အတွက် ... ဩဂုတ်လ(၁၃) ရက်နေ့မှာ DAB ရဲ့ စတုတ္ထအကြိမ်ညီလာခံသက်တမ်း ပထမအကြိမ် ဗဟိုကော်မတီ အစည်းအဝေးကို တက်ရောက်ကြပြီး DAB အတွင်း NCUB ညီလာခံကိစ္စ ကြိုတင်ညှိနှိုင်း ဆွေးနွေးခဲ့ကြပါတယ်။

NCUB ညီလာခံအတွင်းတွင်လည်း FDB မှတာဝန်ရှိသူများ (NCUB ညီလာခံ ကိုယ်စားလှယ်များ)က ... ယနေ့ကာလ လက်ငင်းနိုင်ငံရေး အခြေအနေများကို တက်ကြွစွာ ဆွေးနွေးတင်ပြ သုံးသပ်ကြပြီး၊ ရှေ့လုပ်ငန်းစဉ်များကို အခြားသောကိုယ်စားလှယ်များနှင့်အတူ ချမှတ်ခဲ့ကြပါတယ်။

ဒီညီလာခံကြီးမှ ... သတ္တမအကြိမ်မြောက်ညီလာခံက ရေးဆွဲချမှတ်ခဲ့သော မဟာဗျူဟာ ရည်မှန်းချက် (၂)ရပ်နှင့် မဟာဗျူဟာလုပ်ငန်းစဉ် (၁၂)ရပ်ကို ယနေ့အခြေအနေသစ်နှင့် ညီညွတ်အောင် ပြင်ဆင်ဖြည့်စွက်ပြီး အတည်ပြုခဲ့ကြပါတယ်။ ညီလာခံကြီးမှ ကိုမျိုးဝင်း (ABSDF)အား တွဲဘက်အထွေထွေအတွင်းရေးမှူး(၂) အဖြစ်လည်းကောင်း၊ မိဆူးပွင့် (ABSDF)နှင့် ကိုအောင်မိုးဇော် (DPNS)တို့အား အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များအဖြစ်လည်းကောင်း ရွေးချယ်တာဝန်ပေးအပ်လိုက်ကြောင်း သိရှိရပါတယ်။

● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●

# ပေါ်လစီ ချမှတ်ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတခု ပြုလုပ်



(Policy Drafting Training) ပေါ်လစီ ချမှတ်ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတခုကို ထိုင်း-မြန်မာနယ်စပ်တနေရာမှာ ဩဂုတ်လ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ (၃)ရက် ပြုလုပ်ခဲ့ကြကြောင်း သိရှိရပါတယ်။ ဒီဆွေးနွေးပွဲကို (The International Republican Institute) က ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးတာဖြစ်ပြီး၊ မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစုမှ တာဝန်ရှိသူများ (၁၄)ဦး တက်ရောက်ခဲ့ကြပါတယ်။

(Resource Person) ဦးဆောင် ပို့ချဆွေးနွေးသူမှာ နယူးဇီလန်နိုင်ငံမှ စီးပွားရေးပညာရှင်တဦးဖြစ်ပြီး နိုင်ငံတကာ အတွေ့အကြုံများကို အခြေခံလျက် မြန်မာပြည်လက်တွေ့နှင့် ပေါင်းစပ်ကာ ပေါ်လစီတရပ်ချမှတ်ရေးဆွဲပုံများကို လက်တွေ့ကျကျ ပို့ချဆွေးနွေးသွားခဲ့ကြောင်း သိရှိရပါတယ်။

ဆွေးနွေးပွဲမှာ ......

- ကောင်းမွန်တဲ့အစိုးရ (Good Governance)နှင့် ခိုင်မာတဲ့ ပေါ်လစီ (Sound Policy)တို့၏ ဆက်စပ်နေမှု။
- ခိုင်မာတဲ့ ပေါ်လစီတရပ်မှာ ရှိအပ်တဲ့အခြေခံနှင့် အနှစ်သာရ။ (Theme and Principles)
- ပြဿနာတရပ်ကို ဘက်ပေါင်းစုံချဉ်းကပ်ပြီး ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း။ (Problem Diagnosis)
- ပြဿနာရဲ့ အရင်းအမြစ်ကို ရှာဖွေခြင်း။
- ဆက်စပ်လေ့လာစရာများ။
- ပူးပေါင်းလုပ်ကိုင်သင့်သည့် အဖွဲ့အစည်းများ။
- ပေးဆပ်ရမည့် အရင်းအနှီးနှင့် ရရှိနိုင်သည့် အကျိုးအမြတ်။ (Cost and Benifit)
- ရေတို/ ရေရှည်၊ တိုက်ရိုက်/သွယ်ဝိုက် ထိရောက်မှုများ။
- ပေါ်လစီတရပ်ကိုဘယ်လိုထိန်းကျောင်းမလဲ။ (Monitoring)
- ဘယ်လို ပြန်လည်သုံးသပ် အကဲဖြတ်မလဲ။ (Evaluation)

စသည့် သီအိုရီများကို လက်တွေ့နယ်ပယ်ပေါင်းများစွာတွင် အုပ်စုငယ်များခွဲ၍ (Small Group Discussion)များ ပြုလုပ်ခဲ့ကြကြောင်း သိရှိရပါတယ်။

■ ■ ■ ■

# တလတွင်း သတင်းမှတ်စု

## မြန်မာ

❑နိုင်ငံရေးအသိုင်းအဝိုင်းမှလူများ အလှူအတန်းလုပ်လေ့ရှိသည့် သဃ်န်းကျွန်းမြို့နယ် မဂ္ဂင်ကျောင်းတိုက်ကို အာဏာပိုင်များက စည်းရုံးရေးလုပ်သည့်အနေဖြင့် အလှူအတန်းများ လာရောက်လုပ်ဆောင်၍ ရဟန်းပျိုသမဂ္ဂဖွဲ့မည့် အစီအစဉ်ကိုရပ်တန့်ရန် ပြောဆိုသွားကြောင်း သိရသည်။ (DVB/RFA 010806)

❑ဆန်တစ်ပြည် ကျပ်တစ်ထောင်ကျော်အထိ ဈေးတင်ရောင်းသည်ဆိုသည့် အကြောင်းပြချက်ဖြင့် ရန်ကုန်မြို့မှ ဆန်ကုန်သည်ကြီးအချို့နှင့် ဖျာပုံမြို့နယ်မှ ဆန်စက်ပိုင်ရှင်အချို့ကို အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့မှ ဖမ်းဆီးစစ်ဆေးနေကြောင်း သိရသည်။ (DVB 040806)

❑ပြီးခဲ့သည့် ဇူလိုင်လအတွင်းက လှိုင်သာယာစက်မှုဇုန်ရှိ ပုဂ္ဂလိကမုန့်အလုပ်ရုံတစ်ခုတွင် လုပ်ခလစာတိုးပေးရန် အလုပ်သမားများ၏ တောင်းဆိုမှုဖြစ်ပွါးခဲ့ကြောင်း အလုပ်သမားဦးစီးဌာနသို့ တိုင်ကြားသည်အထိ ဖြစ်ပွါးခဲ့ကြောင်း ယင်းအလုပ်ရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (Irrawaddy 040806)

❑အပစ်အခတ်ရပ်စဲထားသည့် ကချင်ပြည်ဒီမိုကရေစီသစ်တပ်မတော် NDA-K အဖွဲ့သည် အဖွဲ့တွင်းအာဏာသိမ်းမှုဖြစ်ပွါးသည့်နောက်ပိုင်း အဓိကစီးပွါးရေးလုပ်ငန်းများကို နအဖအစိုးရက ပိတ်ပင်လိုက်သဖြင့် ဘဏ္ဍာရေးအခက်အခဲဖြစ်နေကြောင်း သိရသည်။(NMG 040806)

❑ပြီးခဲ့သည့်ဆောင်းရာသီစပါးပေါ်ချိန်တွင် ရာသီဥတုဖေါက်ပြန်ပြီး စပါးအထွက်ကျဆင်းခဲ့ခြင်းနှင့် နယ်ကျော်၍ ဆန်သယ်ယူခွင့် ပိတ်ပင် ထားခြင်းတို့ကြောင့် ယခုနှစ်မိုးရာသီတွင် တစ်နိုင်ငံလုံး၌ ဆန်ဈေးများ အဆမတန်မြင့်တက်နေသည်ဟု သိရသည်။ (DVB 020806)

❑စစ်ထောက်လှမ်းရေးဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လက်ထောက်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည့် ဗိုလ်မှူးချုပ်ကျော်ဝင်းနှင့် မိသားစုကို နိုင်ငံကူးလက်မှတ်ထုတ်ပေးရန် နအဖစစ်အာဏာပိုင်များက ငြင်းဆန်လိုက်ကြောင်း သိရသည်။(IRRAWADDY, 040806)

❑မြန်မာနိုင်ငံတွင် နိုင်ငံရေးဆွေးနွေးပွဲများ အချိန်မီဖြစ်မလာဘူးဆိုလျှင် လယ်သမားများ လမ်းပေါ်ထွက်ဆန္ဒပြမည့်အခြေအနေထိ ဖြစ်နေသည်ဟု ယခုလ(၃)ရက်နေ့တွင် ပဲခူးမြို့မှ ရှေ့နေကြီးဦးအေးမြင့်နှင့် (၈၈)မျိုးဆက်ကျောင်းသားခေါင်းဆောင်များ တွေ့ဆုံစဉ် ဆွေးနွေးသုံးသပ်ခဲ့ကြောင်း သိရသည်။ (DVB 050806)

❑နအဖ အတွင်းရေးမှူး(၁) ဒု–ဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်သောအဖွဲ့သည် ယခုလ (၅)ရက်နေ့တွင် မြိုင်ကြီးငူဒေသသို့ ရောက်ရှိပြီး DKBA တာဝန်ရှိသူများနှင့် တွေ့ဆုံသြဝါဒချွေခဲ့ကြောင်း သိရသည်။ (The Mirror 070806)

❑ပြီးခဲ့သည့်ဧပြီလ မဟာဂျာနယ် အတွဲ(၃)၊ အမှတ်(၁) စာမျက်နှာမှ လူသိရှင်ကြား ဆဲဆိုလိုက်သည့် ဦးမြတ်ခိုင်ကို ဆဲဆိုခံရသူ Eleven news journal မှ အယ်ဒီတာဦးဖြိုးဝေစိုးက တရားစွဲဆိုထားကြောင်း သိရသည်။ (RFA 060806)

❑အာဆီယံအဖွဲ့အနေဖြင့် မြန်မာနိုင်ငံရေးအကြပ်အတည်းကို အမှန်တကယ် ပြေလည်ချင်သည်ဆိုလျှင် စစ်အစိုးရတစ်ဖွဲ့တည်းနှင့်သာ တွေ့ဆုံခြင်းမျိုးမဟုတ်ပဲ ဒီမိုကရေစီအင်အားစုနှင့်ပါ တွေ့ဆုံဆွေးနွေးရန် လိုအပ်လိမ့်မည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ယနေ့ပြောဆိုလိုက်သည်။ (DVB 110806)

❑ယမန်နေ့တွင် မကွေးတက္ကသိုလ်၌ (၈)လေးလုံးအထိမ်းအမှတ်အဖြစ် ကျောင်းသား(၅၀)ခန့်က အနက်ရောင်ဖဲကြိုးများကို ဘယ်ဘက်ရင်ပတ်ပေါ်တွင် တပ်ဆင်ခဲ့ကြကြောင်း သိရသည်။ (DVB 090806)

❑ရန်ကုန်တိုင်းအတွင်းရှိ အခြေခံလူထုလူတန်းစားများအတွက် ဆန်ကြမ်းတစ်ပြည် ကျပ်(၄၀၀)ဖြင့် နအဖစစ်အစိုးရက အတင်းအကျပ် ရောင်းချပေးခိုင်းနေသည့်အပေါ် ပွဲရုံဆန်ကုန်သည်ကြီးများက မကျေမနပ်ဖြစ်နေကြကြောင်း သိရသည်။ (DVB 120806)

❑မြင်းခြံနည်းပညာကောလိပ်မှ ကျောင်းသားများကို ကြံ့ဖွတ်အသင်းဝင်ရန် အဓမ္မအကျပ်ကိုင် စေခိုင်းခြင်းကို ပြင်းထန်စွာရှုတ်ချကြောင်း ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ)နိုင်ငံခြားရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာသည်။(NEJ/DVB 150806)

❑(၁၈)နှစ်မြောက် ရှစ်လေးလုံးနှစ်ပတ်လည်နေ့တွင် ၈၈ မျိုးဆက်ကျောင်းသားများက ရန်ကုန်မြို့တွင် ယနေ့ပြုလုပ်သည့် ဝါဆိုသင်္ကန်းကပ်လှူပွဲသို့ နိုင်ငံခြားသံတမန်များအပါအဝင် ပရိတ်သတ် (၁,၅၀၀)ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ (NEJ 080806)

❑နအဖစစ်အစိုးရနှင့် ငြိမ်းချမ်းရေးယူထားသည့် (၁၀)နှစ်ကျော်ကာလတွင် နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးရေးဖြင့် မဖြေရှင်းနိုင်ခြင်းသည် ပါတီ၏အပြစ်မဟုတ်ဘဲ နအဖစစ်အစိုးရ၏အပြစ်သာဖြစ်ကြောင်း မွန်ပြည်သစ်ပါတီ နိုင်ငံခြားဆက်ဆံရေးရုံးမှ နိုင်အောင်မငေ ယနေ့ ပြောသည်။ (NEJ 080806)

❑ပြီးခဲ့သည့်ဇူလိုင်လကတွင် ထောက်ကြံ့အနီး၌ နအဖဝန်ကြီး ဦးစိုးသာ၏သား အောင်စိုးသာကားဖြင့် တိုက်မိပြီး ဆိုက်ကားသမားတဦး ပွဲချင်းပြီးသေဆုံးခဲ့ရသော်လည်း အထက်အမိန့်အရ တစ်စုံတစ်ရာအရေးမယူနိုင်ပဲ အမှုမှကွင်းလုံးကျွတ် ပြန်လွှတ်ပေးခဲ့ရကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။ (DVB 180806)

❑ကယန်းပြည်သစ်ပါတီဥက္ကဋ္ဌ ဦးရွှေအေးသည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ နေအိမ်၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရသည်။ (DVB 210806)

❑ရန်ကုန်မြို့ရှိ ဘုန်းကြီးကျောင်းအတော်များများကို စစ်တပ်၊ ရဲနှင့် ကြံ့ဖွတ်အဖွဲ့များပူးပေါင်းပြီး စောင့်ကြည့်နေသည့်အတွက် ရန်ကုန်မြို့ရှိ ပဓနနာယက ဆရာတော်ကြီးများ စိတ်မချမ်းမသာဖြစ်နေသည်ဟု တိုက်အုပ်ဆရာတော်တပါးက မိန့်တော်မူသည်။(RFA 220806)

❑NLD ကို ရန်ကုန်အခြေစိုက် နိုင်ငံခြားသံရုံးများမှ အရာရှိများလာရောက်တွေ့ဆုံနေမှုသည် နိုင်ငံတကာသံတမန်ကျင့်ဝတ်ကို ချိုးဖေါက်နေခြင်းဖြစ်သည်ဟု နအဖသတင်းစာမှ စွပ်စွဲပြောဆိုလိုက်ခြင်းသည် နအဖကိုယ်တိုင် သံတမန်နည်းလမ်းကို နားမလည်၍ စွပ်စွဲခြင်းသာဖြစ်ကြောင်း NLD ပြောခွင့်ရသူ ဦးဉာဏ်ဝင်းနှင့် ဝါရင့်ထိုင်းသံတမန်ဟောင်း မစ္စတာအာဆာဒါး ဂျာယာနားမားကိုတို့က ပြောဆိုလိုက်သည်။ (DVB/VOA 230806)

❑ယခုသတင်းပတ်အတွင်း ရန်ကုန်မြို့တွင်းရှိ ဆန်ပွဲရုံများကို သတ်မှတ်ဈေးနှင့် ဆန်ရောင်းချရန် နအဖအာဏာပိုင်များက အမိန့်နှင့် စည်းကမ်းချက်များ ထုတ်ပြန်ထားကြောင်း ရန်ကုန်မြို့ရှိ ဆန်ကုန်စည်ဒိုင်မှ ဆန်ကုန်သည်တစ်ဦးက ပြောသည်။ (NEJ 090806)

## နိုင်ငံတကာ – မြန်မာ

❑အောက်တိုဘာလတွင် စတင်ရိုက်ကူးတော့မည့် ရန်ဘိုဇာတ်လမ်းအပိုင်း (၄)အတွက် ဇာတ်ညွှန်းကို ရေးသားနေပြီဖြစ်ကြောင်း၊ ဇာတ်လိုက်ရန်ဘို၏ မြန်မာပြည်အတွင်းဝင်ရောက်ပြီး ကယ်တင်ရေးလုပ်မည့် ဇာတ်လမ်းဖြစ်ကြောင်း မင်းသားစတားလုံးက အပတ်စဉ်ထုတ် Entertainment ဂျာနယ်သို့ ဇူလိုင် (၃၀)ရက်နေ့တွင် အတည်ပြုပြောကြားလိုက်သည်။ (Irrawaddy 010806)

❑မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် လှုံ့ဆော်သည့်ဂီတပွဲတစ်ခုကို Black Eyed Peas အမည်ရှိ ဟစ်ဟော့ဂီတဝိုင်းက ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ယမန်နေ့၌ ကျင်းပပြုလုပ်သွားခဲ့ကြောင်း သိရသည်။ (Irrawaddy/DVB 010806)

❑မြန်မာစစ်အာဏာပိုင်များသည် အထီးကျန်နေရခြင်းကိုဆက်ပြီး ဖက်တွယ်ထားလိုပုံရကြောင်း၊ မြန်မာပြည်ကို အထီးကျန်မှုများမှ ရုန်းထွက်အောင် အာဆီယံခေါင်းဆောင်ဖြစ်သည့် ဖိလစ်ပိုင်အနေဖြင့်လုပ်သင့်ကြောင်း အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Christopher Hill က ပြောဆိုလိုက်သည်။(MANILAR STANDS/VOB 020806)

❑ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးအကြောင်းများ ပြောဆိုနေသည်မှာ ထိုင်းအစိုးရအနေဖြင့် နိုင်ငံရေးကစားခြင်းသာဖြစ်ကြောင်း ဟောင်ကောင်အခြေစိုက် အာရှလူ့အခွင့်အရေးကော်မရှင် AHRC သတင်းနှင့် ပြန်ကြားရေးအရာရှိ Ms . Kim Soo-A က ပြောသည်။ (VOA 030806)

❑ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားထက်ဝက်ကျော်တွင် မြန်မာနိုင်ငံသားမှတ်ပုံတင်ကတ်မရှိသောကြောင့် တရားဝင်အလုပ်သမားဖြစ်ရန် သက်ဆိုင်ရာအစိုးရထံမှ ထောက်ခံချက်ကိုယူခိုင်းသည့် ထိုင်းအစိုးရ၏အစီအစဉ်ကို မြန်မာအလုပ်သမားများလိုက်နာရန် အခက်အခဲများစွာရှိကြောင်း ရောင်ခြည်ဦးအလုပ်သမားအဖွဲ့က ပြောသည်။ (NEJ 040806)

❑နှစ်ရှည်မတရားထောင်ချခံထားရသည့် သတင်းစာဆရာကြီး ဦးဝင်းတင်ကို ပြန်လွှတ်ပေးရန် တိုကျိုမြို့ မြန်မာသံရုံးရှေ့တွင် ယနေ့ ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများက သွားရောက်ဆန္ဒပြခဲ့ကြောင်း သိရသည်။ (DVB 040806)

❑မြန်မာ့သဘာဝဓာတ်ငွေ့ တူးဖော်ရေးတွင် ထိုင်းမှလက်ဝါးကြီးအုပ် အခွင့်အရေးရရန် မြန်မာခရီးစဉ်တွင် နအဖကို ထိုင်းဝန်ကြီးချုပ် Thaksin မှ တောင်းဆိုခဲ့ကြောင်း ထိုင်းကြားဖြတ်စွမ်းအင်ဝန်ကြီးမှ ဆိုသည်။ (Nation/ VOB 040806)

❑နာဂတောင်တန်းဒေသတွင် ဖြစ်ပျက်နေသည့်အခြေအနေများ၊ နအဖ၏လူ့အခွင့်အရေးများချိုးဖောက်မှုများကိုဖော်ပြရန် “စာရာမေရီ” အမည်ဖြင့် သတင်းဌာနတစ်ခုကို အိန္ဒိယ–မြန်မာနယ်စပ်တွင်အခြေစိုက်သည့် နာဂတိုင်းရင်းသားလူငယ်များက ယခုလ (၂)ရက်နေ့တွင် ထူထောင်လိုက်ကြောင်း သိရသည်။ (DVB 060806)

❑ရှစ်လေးလုံးလူထုအုံကြွမှုအတွင်း သွေးမြေကျခဲ့ရသည့် ကျောင်းသားပြည်သူရဟန်းရှင်လူများကို ဂုဏ်ပြုသည့်အနေဖြင့် မဲဆောက်မြို့ ဒေါက်တာစင်သီယာမောင်ဆေးခန်းတွင် ယနေ့နံနက်ပိုင်း၌ မြန်မာအလုပ်သမား (၂၀၀)ခန့်က စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (DVB 060806)

❑ထိုင်းနှင့် မြန်မာပူးတွဲ အကောင်အထည်ဖော်မည့် မြန်မာနိုင်ငံ မြဝတီ၊ ဘားအံနှင့် မော်လမြိုင်စက်မှုဇုန်သုံးခု၏ မြေနေရာများကို နိုင်ငံရပ်ခြားကို ငှားရမ်းရန် နအဖစစ်အစိုးရက စီစဉ်နေကြောင်း တရုတ်နိုင်ငံထုတ် ဆင်ဟွာသတင်းဌာနတွင် ဖော်ပြထားသည်။ (VOA 060806)

❑ထိုင်းနိုင်ငံ မဟာချိုင်ဒေသရှိ မြန်မာအလုပ်သမားများစုပေါင်းပြီး “အလင်းပြကြယ်စင်”အမည်ရှိ ကိုယ်ထူကိုယ်ထ စာကြည့်တိုက်ကို ယမန်နေ့က ဖွင့်လှစ်လိုက်ကြောင်း သိရသည်။ (NEJ 070806)

❑မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေသည့် အထွေထွေအကျပ်အတည်းများမှ လွတ်မြောက်စေရန် လူထုကြီးကိုယ်တိုင်ပါဝင်သည့် ဒုတိယမြောက် လူထုအရေးတော်ပုံကြီးတရပ်ကို ပြင်ဆင်မှုရှိရှိ ဆင်နွှဲသွားကြရမည်ဟု ထိုင်း–မြန်မာနယ်စပ်ရှိ ဒီမိုကရေစီလှုပ်ရှားနေသည့် အဖွဲ့များက ရှစ်လေးလုံးနှစ်ပတ်လည်အထိမ်းအမှတ်နေ့တွင် သဘောထား ထုတ်ပြန်သည်။ (NEJ 080806)

❑မြန်မာ့အရေးသည် ဘယ်ကမ္ဘာသံတမန်များ၏ ထိပ်တန်းဦးစားပေးစာရင်းတွင် ရှိမနေသည့်အချက်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာ့အရေးကို ကိုင်တွယ်ဆောင်ရွက်သင့်သည့် အရင်းခံအကြောင်းပါပဲဟု ယနေ့ထုတ် ဝါရှင်တန်ပို့စ်သတင်းစာ၏ အယ်ဒီတာအာဘော်တွင် ရေးသားတိုက်တွန်းထားကြောင်း တွေ့ရသည်။ (RFA 090806)

❑အမေရိကန်နှင့် အာဆီယံသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက် (Tifa) ကို လာမည့်ဩဂုတ်လ (၂၁)ရက်နေ့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည့် (၃၈)ကြိမ်မြောက် အာဆီယံစီးပွါးရေးဝန်ကြီးများအစည်းအဝေးတွင် လက်မှတ်ရေးထိုးမည်ဟု ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (NEJ 110806)

❑မြန်မာနိုင်ငံတွင် နိုင်ငံရေးအကောင်းဘက်ပြောင်းရန် လုံခြုံရေးကောင်စီကိုင်တွယ်ခြင်းသည် ဖြစ်နိုင်ခြေအရှိဆုံးလမ်းစဉ်ဖြစ်ကြောင်း၊ တစစနှင့် ပြင်သစ်၊ ဂျပန်တို့ပါ ထိုအတွေးအခေါ်အုပ်စုဘက်သို့ ယိုင်လာပြီဖြစ်ကြောင်း၊ တရုတ်နှင့် ရုရှားလည်းကြာကြာ ခေါင်းမာနေနိုင်မည်မဟုတ်ဟု Peter Popham ၏ သတင်းဆန်းစစ်ဝေဖန်ချက်မှ ဆိုသည်။ (New Statesman/VOB 140806)

❑လာမည့်အောက်တိုဘာလတွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံသို့ NLD နှင့် တိုင်းရင်းသားပါတီများကို ဖိတ်ကြားမည်မဟုတ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း လွှတ်ပေးမည်မဟုတ်ကြောင်းနှင့် ပြည်ပဖိအားပေးမှုကိုလည်း ဂရုစိုက်မည်မဟုတ်ဟု ယမန်နေ့ကပြုလုပ်သည့် မနီလာသတင်းစာရှင်းလင်းပွဲတွင် ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသောင်းထွန်းက ပြောဆိုလိုက်သည့်အတွက် ရန်ကုန်နိုင်ငံရေးလောကတွင် လှုပ်လှုပ်ရှားရှားဖြစ်သွားကြောင်း သိရသည်။ (DVB 160806)

❑ညောင်နှစ်ပင်ညီလာခံကို မထောက်ခံလျှင် ပြည်တွင်းစစ်များ ပြန်ဖြစ်လာနိုင်သည်ဟု ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသောင်းထွန်းက ခြိမ်းခြောက်ပြောဆိုလိုက်ကြောင်း သိရသည်။ (DVB 170806)

❑မြန်မာနိုင်ငံရှိ လက်ရှိအကျပ်အတည်းမှ ကျော်လွှားနိုင်ရန် လူထုတိုက်ပွဲတစ်ရပ် အမြန်ဆုံးလိုအပ်နေပြီဟု ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (၈)ကြိမ်မြောက်ညီလာခံက ထုတ်ပြန်သည်။ (NEJ 180806)

❑ယခင်လအတွင်း စင်္ကာပူအမျိုးသားတက္ကသိုလ် (NUS- National University of Singapore) တွင် စာတမ်းသွားဖတ်ပြီး ပြန်လာသည့် မြန်မာနိုင်ငံမှ စာရေးဆရာ၊ NGOs အဖွဲ့ဝင်၊ ပညာရှင်စသည်တို့ကို Third Party ဝင်များအဖြစ် ပြောဆိုခံနေရသည့်အပေါ် မကျေမနပ်ဖြစ်နေကြကြောင်း သိရသည်။ (NEJ 210806)

❑KNU ကရင်အမျိုးသားအစည်းအရုံး၏ တပ်မဟာ(၇) တပ်မဟာမှူးအပါအဝင် တပ်မှူးများအားလုံးနှင့် ဗဟိုမှတာဝန်ရှိသူတချို့တို့သည် ယနေ့ ထိုင်း–မြန်မာနယ်စပ်တွင် ဆွေးနွေးပွဲလုပ်ကြပြီး KNU အတွင်းရေးပြဿနာတွေကို ပြေလည်အောင်ဖြေရှင်းကြရန် ကြိုးစားလုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။ (VOA 210806)

❑ကရင်နီပြည်သူများအတွက် ပထမဆုံးအကြိမ် လူထုရှင်းလင်းပွဲကို ယနေ့ကျရောက်သည့် (၅၈)ကြိမ်မြောက် ကရင်နီတပ်မတော်နေ့ အခမ်းအနားတွင် ထိပ်တန်းစစ်ရေးခေါင်းဆောင်များက ဦးဆောင်ကျင်းပခဲ့ကြောင်း သိရသည်။ (NEJ 170806)

❑နအဖစစ်အစိုးရ၏ သွေးထိုးမှုကို သတိကြီးစွာရှောင်ကြဉ်၍ လူထုသွေးစည်းညီညွတ်ရေး ပြန်လည်တည်ဆောက်သွားရန် ကရင်နီပြည်သူအားလုံးသို့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP ခေါင်းဆောင်များက တိုက်တွန်းလိုက်သည်။ (NEJ 090806)

❑ဥရောပကော်မရှင်၏ 3-D အမေရိကန်ဒေါ်လာ သန်း(၁၀၀)စီမံကိန်းတွင် နအဖအစိုးရဝန်ထမ်းများ၊ နိုင်ငံရေးပါတီများနှင့် ငွေလှူဒါန်းသည့် အလှူရှင်များပါဝင်သည့် ကော်မတီဖွဲ့ပြီး လုပ်ဆောင်မှ အောင်မြင်နိုင်မည်ဟု CRPP အဖွဲ့ဝင် တိုင်းရင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးထောင်ခိုထန်းက ပြောဆိုလိုက်သည်။ (DVB 120806)

❑မွန်ပြည်သစ်ပါတီ၏ရပ်တည်ချက်ဖြစ်သည့် နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရန်၊ တပြည်လုံးအပစ်အခတ်ရပ်စဲပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်ရန်နှင့် နိုင်ငံရေးပြဿနာကို သုံးပွင့်ဆိုင်ဖြေရှင်းရန်တို့ကို ယမန်နေ့တွင် ထိုင်း–မြန်မာနယ်စပ်၌ပြုလုပ်သည့် (၅၉)ကြိမ်မြောက် မွန်တော်လှန်ရေးနေ့ အခမ်းအနားတွင် ထပ်မံတောင်းဆိုလိုက်သည်။ (DVB 090806)

**(NDD) သုတေသနဌာနနှင့် မှတ်တမ်းတင်ဌာန၏ တလအတွင်းမြန်မာ့သတင်း –၂၀၀၆၊ ဩဂုတ်လမှ ထုတ်နုတ်ဖော်ပြသည်။ ■**

■ ■ ■ ■